# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၅)၊ ၁၃၈၇ ခုနှစ် ၊ နတ်တော်လပြည့်ကျော် ၁၀ ရက် ၊ ၁၄–၁၂–၂၀၂၅၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတစ်ခုရပ်တည်နိုင်ရေးအတွက် စီးပွားရေးသည် အဓိကအခရာကျသည့် အချက်ဖြစ် စီးပွားရေးအားကောင်းမွန်မှသာလျှင် နိုင်ငံရေးအားသည်လည်း ကောင်းမွန်လာမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်လာမည်

## နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၁၃

နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှအဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

**စာမျက်နှာ ၃ သို့** ❖



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဒီဇင်ဘာ ၁၃

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၁၄ ရက်၊ တနင်္ဂနွေနေ့။

# လူငယ်ငြိမ်းချမ်းရေးဖိုရမ် ကျင်းပမည်

နိုင်ငံတည်ဆောက်ရေးတွင် လူငယ်များ၏ အခန်းကဏ္ဍသည် အရေးကြီးသည့်အတွက် ယခုကျင်းပပြုလုပ်မည့် လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကို ကျင်းပခြင်းဖြစ်ကြောင်း၊ Nation Building တွင် လူငယ်များကို ပါဝင်စေလိုကြောင်း၊ လူငယ်များအား ငြိမ်းချမ်းသည့်ပတ်ဝန်းကျင်ကို လက်ဆင့်ကမ်းပေးလိုကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်သည် လူငယ်များဖြစ်ကြောင်း၊ ကျောင်းနေအရွယ်လူငယ်များကို စုစည်း၍ ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် အယူအဆ၊ အတွေးအခေါ်များကို ဆွေးနွေးဖော်ထုတ်သွားမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသည့် ဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းကော်မတီဖွဲ့စည်းမည့်ကိစ္စများကိုလည်း အကြံပြုဆွေးနွေး ဆောင်ရွက်စေလိုကြောင်း၊ လူငယ်ငြိမ်းချမ်းရေးဖိုရမ် ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ဒီဇင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော် M Gallery ဟိုတယ်၌ ကျင်းပသည့် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ကျင်းပရေးဦးစီး ကော်မတီ၏ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားခဲ့သည်။

လူငယ်ငြိမ်းချမ်းရေးဖိုရမ် ဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ယခုကျင်းပပြုလုပ်မည့် လူငယ်ငြိမ်းချမ်းရေး ဖိုရမ်သည် NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနား အလုပ်ရုံဆွေးနွေးပွဲ၏ အကြံပြုချက်များအရ ကျင်းပပြုလုပ်ခြင်း ဖြစ်ကြောင်း၊ လူငယ်ငြိမ်းချမ်းရေးဖိုရမ်မှ နိုင်ငံတည်ဆောက်ရေးတွင် အရေးပါသည့် လူငယ်များ၏အခန်းကဏ္ဍကို ငြိမ်းချမ်းရေးနှင့် ချိတ်ဆက်၍ ဆွေးနွေးဖော်ထုတ်သွားမည်ဖြစ်ကြောင်း၊ အနာဂတ်ကာလ နိုင်ငံတည်ငြိမ်ရေး၌ လူငယ်များအနေဖြင့် တစ်ဖက်တစ်လမ်းက အထောက်အကူပြုပူးပေါင်းပါဝင်လာစေရန်အတွက် လမ်းကြောင်းများ ဖော်ထုတ်ပေးရန်လိုအပ်ကြောင်းနှင့် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ကျင်းပရေး လုပ်ငန်းကိစ္စရပ်များ၊ ကြိုတင်ပြင်ဆင် ဆောင်ရွက်မှုအခြေအနေ၊ ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

အစည်းအဝေးတက်ရောက်လာသည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေး၍ တက်ရောက်လာသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးကြပြီး ဦးစီးကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။ မတူကွဲပြားသည့် တိုင်းရင်းသားမျိုးနွယ်များ၊ နေရာဒေသနှင့် လူမှုစီးပွားနောက်ခံအမျိုးမျိုးမှ လူငယ်များသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသောအနာဂတ်ကို ပုံဖော်ရာတွင် အဓိပ္ပာယ်ပြည့်ဝသော အခန်းကဏ္ဍမှပါဝင်လာစေရန် လွန်စွာပင်အရေးကြီးသည့်အတွက် Youth Peace Forum ၂၀၂၆ ဆွေးနွေးပွဲကို မတူညီသော နောက်ခံအကြောင်းအရာနှင့် အလွှာအသီးသီးမှ လူငယ်များအတွက် ၎င်းတို့၏ အမြင်များကို မျှဝေရန်၊ အပြန်အလှန် ယုံကြည်မှုခိုင်မြဲရန်၊ လူမှုသဟဇာတ မြှင့်တင်ခြင်းတွင် ၎င်းတို့၏ အခန်းကဏ္ဍကို ရှာဖွေရန်နှင့် ဘက်ညီသော အခင်းအကျင်းတစ်ရပ် ပေါ်ပေါက်လာစေရန် ရည်ရွယ်၍ လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကို ကျင်းပပြုလုပ်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ကျောက်ဆည်မြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်း

**ကျောက်ဆည် ဒီဇင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးတွင် ယနေ့နံနက်ပိုင်းက (၂၄)ကြိမ်မြောက် ဇီဝိတဒါန သွေးလှူရှင်များအသင်း (ကျောက်ဆည်)မှ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပသည်။

စုပေါင်းသွေးလှူဒါန်းပွဲသို့ ကျောက်ဆည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်နှင့်အဖွဲ့ဝင်များ၊ ခေတ္တပြည်သူ့ဆေးရုံအုပ်ကြီး ဦးအောင်မိုးနှင့် ဇီဝိတဒါန စုပေါင်းသွေးလှူရှင်အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်အောင်တို့က သွေးလှူဒါန်းမှုများ ဆောင်ရွက်ရာ၌ လိုအပ်မှုမရှိစေရေး ကြည့်ရှုအားပေးခဲ့သည်။

စုပေါင်းသွေးလှူဒါန်းခြင်းကို ဇီဝိတဒါန သွေးလှူရှင်များအသင်း (ကျောက်ဆည်)၏ အဖွဲ့ဝင်အသင်းများဖြစ်သည့် ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ်များရှိ သွေးအလှူရှင်အသင်း ခုနစ်သင်းမှ အသင်းသူ၊ အသင်းသားများ စုပေါင်းလှူဒါန်းခဲ့ခြင်း ဖြစ်ကြောင်းနှင့် စုစုပေါင်း သွေး အမျိုးအစားမျိုးစုံ ၆၄ အိတ် လှူဒါန်းခဲ့သည်။

သွေးအလှူရှင်များအတွက် သွေးပြည့်ဝမှုမြန်ဆန်ရေး အချိုရည်၊ ကြက်ဥနှင့် အာဟာရဖြစ်မုန့်များကို တာဝန်ရှိသူများက ပေးဝေခဲ့ပြီး သွေးအကြိမ် (၈၀) ကြိမ် လှူဒါန်းခဲ့သော သွေးလှူရှင်နှစ်ဦးနှင့် သွေးအကြိမ်(၅၀)ကျော် လှူဒါန်းခဲ့သော သွေးလှူရှင်လေးဦးတို့အား ကျောက်ဆည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်နှင့် အဖွဲ့ဝင် ဦးအောင်သူ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်တို့က ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ခဲ့ကြောင်း သိရသည်။

(၄၈၅)

## ဆောင်ရွက်ပြီးစီးသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ပြင်ဦးလွင် ဒီဇင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ပြင်ဦးလွင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ခုနစ်ရွာ၌ ကျေးလက်နေပြည်သူများအတွက် ဆောင်ရွက်ပြီးစီးခဲ့သည့် ကုန်ထုတ်လမ်း၊ တံတားများနှင့် ရေရရှိရေးလုပ်ငန်းလည်ပတ်မှုအခြေအနေများကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာညို၊ ပြင်ဦးလွင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်၊ ခရိုင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများ၊ ကျေးရွာ ခုနစ်ရွာမှ ကျေးရွာကော်မတီဝင်များနှင့်အတူ ဆောင်ရွက်ပြီးစီးခဲ့သည့် ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများနှင့် ရေရှိရေးလုပ်ငန်းများ လုပ်ငန်းလည်ပတ်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကုန်ထုတ်လမ်း တံတား ဆောင်ရွက်ခဲ့သည့် ကျေးရွာ လေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၁၆ ဒသမ ၁၆၈ သန်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ခဲ့သည့် ကျေးရွာသုံးရွာ၌ ခွင့်ပြုရန်ပုံငွေကျပ် ၄၇ ဒသမ ၄၈၄ သန်းဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများကို ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး အဆိုပါကျေးရွာ ခုနစ်ရွာ၌ ဆောင်ရွက်ခဲ့သည့် ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများနှင့် ရေရှိရေးလုပ်ငန်းများ ပုံမှန်လည်ပတ်လျက်ရှိကြောင်း ပြင်ဦးလွင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်က ပြောကြားကြောင်း သိရသည်။

(၀၄၀)

၀-၀-၀-၀-၀

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးမည်

**မန္တလေး ဒီဇင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိသည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို ဒီဇင်ဘာ ၁၅ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ၁၀လမ်း၊ ဓာတ်ငွေ့စက်ရုံအနီးနှင့် မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ၆၉လမ်းနှင့် ၃၆ လမ်း၊ ဝန်ထမ်းအိမ်ရာအနီးတို့တွင်လည်းကောင်း၊ ဒီဇင်ဘာ ၁၆ ရက်တွင် အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ ၁၉လမ်း၊ ၈၈လမ်းနှင့် ၈၉လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ ၁၂၅လမ်း၊ ၅၇လမ်းနှင့် ၅၈လမ်းတို့တွင်လည်းကောင်း၊ ဒီဇင်ဘာ ၁၇ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ ၈၆လမ်း၊ ၁၅လမ်းနှင့် ၁၆လမ်းကြားနှင့် အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ လေးစုမန္တာရုံ၊ အထက(၁) အနောက်ဘက်တို့တွင် လည်းကောင်း၊ ဒီဇင်ဘာ ၁၈ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင်လည်းကောင်း၊ ဒီဇင်ဘာ ၁၉ ရက်တွင် ကရင်နှစ်သစ်ကူးနေ့ရုံးပိတ်ရက်ဖြစ်၍ သက်သာဈေးရောင်းချခြင်းကို ရပ်နားထားမည်ဖြစ်သည်။




ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

❖ တပ်မတော်သည် နိုင်ငံတော်၏အစိတ်အပိုင်းဖြစ်ပြီး တပ်မတော်သားများသည် ပြည်သူများ၏အစိတ်အပိုင်းတစ်ရပ်ဖြစ်၊ သို့ဖြစ်၍ ၁၉၈၈ ခုနှစ်တွင် ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တနေကြသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရန်အတွက် အုတ်မြစ်ချပေးခဲ့ခြင်းဖြစ်

❖ ရှေ့ဖုံးမှ

နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင်ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကြောင့် နိုင်ငံတော်တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ စတင်တာဝန်ယူခဲ့ရသည့်အချိန်တွင် ဆူပူဆန္ဒပြမှုများ၊ လက်နက်ကိုင်အကြမ်းဖက်ခြင်းများ အတိုင်းအတာတစ်ခုအထိ ဖြစ်ပေါ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၌ ပိုမိုများပြားခဲ့ကြောင်း၊ ထို့ပြင် ကိုဗစ်–၁၉ ရောဂါဖြစ်ပေါ်နေသည့်ကာလလည်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဆူပူဆန္ဒပြမှုများကို ထိန်းထိန်းသိမ်းသိမ်းဖြင့် ဖြေရှင်းနိုင်ခဲ့ပြီးနောက်ပိုင်းတွင် ဆူပူဆန္ဒပြမှုများနှင့် အကြမ်းဖက်မှုများကို လျော့ပါးသွားခဲ့ကြောင်း၊ ထိုကဲ့သို့ ဆူပူအကြမ်းဖက်မှုများ၊ ကိုဗစ်–၁၉ ရောဂါဖြစ်ပေါ်နေမှုများနှင့်ကြုံတွေ့နေရသည့်အချိန်တွင် နိုင်ငံရေးနှင့်နိုင်ငံ့အရေးကို ကွဲပြားစွာသိမြင်မှုမရှိဘဲ ဘေးပယောဂများ၊ လှုံ့ဆော်သွေးထိုးမှုများ၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများအပါအဝင် နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းခွင်စွန့်ခွာမှု DCS လုပ်ဆောင်မှုများကြောင့် အခက်အခဲ၊ အကျပ်အတည်းများနှင့်လည်း ရင်ဆိုင်ခဲ့ကြရကြောင်း၊ ထို့နောက် ၂၀၂၃ ခုနှစ်တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုများလျော့ပါးလာခဲ့ပြီး ဆူပူအကြမ်းဖက်မှုများသည်လည်း လျော့ပါးသွားခဲ့ကြောင်း၊ သို့သော် ရခိုင်ပြည်နယ်၌ မိုခါမုန်တိုင်းဖြစ်ပေါ်ခဲ့ပြီး ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်ပေးသွားနိုင်ရန် တပ်မတော်မှ အရာရှိကြီးများအား တာဝန်ခွဲဝေပေးအပ်ခဲ့ပြီး ၆ လ အတွင်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ထို့ပြင် နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးသဘောထားကွဲပြားမှုများနှင့် နိုင်ငံရေးလှုံ့ဆော်သွေးထိုးမှုများကြောင့် တရားမဝင်ဖွဲ့စည်းထားသည့် CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ ပေါ်ပေါက်လာခဲ့ပြီး EAO များမှလည်း အကြမ်းဖက်သင်တန်းများ သင်ကြားပေးခဲ့ကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးအရဖြစ်ပေါ်ခဲ့သည့် ပြဿနာကို နိုင်ငံရေးအရဖြေရှင်းရန် မကြိုးစားဘဲ အကြမ်းဖက်သည့်နည်းလမ်းဖြင့် ဖြေရှင်းရန် လုပ်ဆောင်ခဲ့ကြခြင်းပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုကာလသမိုင်းကြောင်းနှင့် လွတ်လပ်ရေးရရှိပြီးချိန်တွင် တပ်မတော်မှ ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေးဆောင်ရွက်ခဲ့ရသည့် သမိုင်းကြောင်းများရှိပြီးဖြစ်ကြောင်း၊ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် တပ်မတော်၏သမိုင်းကြောင်းကို သိရှိနိုင်ရန်အတွက် သမိုင်းဖြစ်ရပ်မှန်များကို ဖတ်ရှုလေ့လာကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ သမိုင်းကြောင်းများကို မှန်မှန်ကန်ကန်သိရှိမည်ဆိုပါက တပ်မတော်အနေဖြင့် အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍတွင် ပါဝင်နေရမှု အခြေအနေများကိုလည်း သိရှိလာနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏ လွတ်လပ်ရေးရရှိပြီးချိန်၌ နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှုများဖြစ်ပေါ်ပြီး ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့မှုကြောင့် နိုင်ငံ၏အချုပ်အခြာအာဏာ ထိခိုက်လာမှုအပေါ် တပ်မတော်မှ ကျားကုတ်ကျားခဲကြိုးပမ်းကာကွယ်ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်၊ နိုင်ငံရေးခေတ်စနစ်မျိုးစုံတွင် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို အစဉ်တစိုက် အလေးထားဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရရှိပြီးနောက် ပါလီမန်စနစ်ကိုကျင့်သုံးခဲ့ပြီး ၎င်းနောက်တွင် ဆိုရှယ်လစ်စနစ်ဗဟိုဦးစီးစနစ်ကို ကျင့်သုံးဆောင်ရွက်ခဲ့ကြောင်း၊ ဆိုရှယ်လစ်စနစ်တွင် ကောင်းမွန်သည့်အချက်များရှိသကဲ့သို့ အားနည်းချက်များလည်းရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးရာတွင် မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်စနစ်ကို ဖော်ဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ဆိုရှယ်လစ်စနစ်ဗဟိုဦးစီးစနစ်ကို ကျင့်သုံးရာတွင် နိုင်ငံရေးအရ တစ်ပါတီစနစ်ကို ကျင့်သုံးခဲ့၍ နိုင်ငံရေးထွက်ပေါက်ပိတ်သွားသူများ၏ မကျေနပ်မှု၊ စီမံကိန်းစီးပွားရေးစနစ်ကြောင့် စီးပွားရေးအရထွက်ပေါက်ပိတ်ဆို့သွားသူများ၏ မကျေနပ်မှု၊ အုပ်ချုပ်ရေးကဏ္ဍများ၌ ပါတီဝင်များကိုသာဦးစားပေးမှုများကြောင့် မကျေနပ်မှုများရှိခဲ့ကြောင်း၊ ၎င်းအပြင် စီးပွားရေးပိတ်ဆို့မှုများကြောင့် နိုင်ငံ့စီးပွားရေး ထိခိုက်လာခဲ့ရကြောင်း၊ စနစ်၏အားနည်းချက်ဆိုသည်ထက် လက်တွေ့အကောင်အထည်ဖော်မှု အားနည်းချက်ကြောင့်ဖြစ်ကြောင်း၊ လက်ရှိအချိန်အထိ ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးပြီး အောင်မြင်နေသည့် နိုင်ငံများလည်းရှိနေဆဲဖြစ်ကြောင်း။

နိုင်ငံတစ်ခုရပ်တည်နိုင်ရေးအတွက် စီးပွားရေးသည် အဓိကအခရာကျသည့် အချက်ဖြစ်ကြောင်း၊ စီးပွားရေးအားကောင်းမွန်မှသာလျှင် နိုင်ငံရေးအားသည်လည်း ကောင်းမွန်လာမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဆိုရှယ်လစ်စနစ်တွင် အုပ်ချုပ်ရေးအရ စီမံခန့်ခွဲမှုအားနည်းချက်များ၊ စီးပွားရေးအရ ပိတ်ဆို့မှုများ၊ မှောင်ခိုစီးပွားရေးစနစ်ဖြစ်ပေါ်လာခြင်း၊ သယံဇာတများ တရားမဝင်ထုတ်ယူရောင်းစားခံရခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်းတို့ကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းလာပြီး ၁၉၈၈ ခုနှစ်အရေးအခင်းဖြစ်ပေါ်လာစေခဲ့ကြောင်း၊ ထိုသို့ဖြစ်ပေါ်လာခဲ့သဖြင့် တပ်မတော်မှ နိုင်ငံတော်၏တာဝန်များကို မလွှဲသာမရှောင်သာဖြင့်ယူခဲ့ရကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၏အစိတ်အပိုင်းဖြစ်ပြီး တပ်မတော်သားများသည် ပြည်သူများ၏အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ၁၉၈၈ ခုနှစ်တွင် ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တနေကြသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရန်အတွက် အုတ်မြစ်ချပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့နောက် ပါတီစုံဒီမိုကရေစီလမ်းကြောင်းသို့ လျှောက်လှမ်းနိုင်ရေးစတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကျင်းပကာ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ တင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ဒီမိုကရေစီအစိုးရ ပထမသက်တမ်းကာလတွင် အစိုးရအနေဖြင့် ဒီမိုကရေစီနှင့်အသားကျနိုင်ရေး လိုအပ်သည့်ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့်လည်း အစိုးရနှင့်လက်တွဲညီစွာဆောင်ရွက်ခဲ့ကြောင်း။

သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ဒီမိုကရေစီပထမအစိုးရအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှဖြင့် ဆောင်ရွက်ခဲ့သော်လည်း ဒီမိုကရေစီစနစ်နှင့် အသားကျမှုမရှိခြင်း၊ အဖွဲ့အစည်းအသီးသီး၏ နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် အတိတ်ကာလကဖြစ်ရပ်များအပေါ် သွေးထိုးလှုံ့ဆော်ခြင်းများလည်းရှိခဲ့ကြောင်း၊ ဆိုရှယ်လစ်စနစ်ကျင့်သုံးခဲ့စဉ်ကာလ၌ ဖြစ်ပေါ်ခဲ့သည့် မကျေနပ်ချက်များကို ဒီမိုကရေစီစနစ်ကျင့်သုံးချိန်တွင် အတိတ်၊ ပစ္စုပ္ပန်ရောထွေး၍ အတိုက်အခံပြုလုပ်ခြင်းများ ဖြစ်ပေါ်စေခဲ့သည်ဟု သင်ခန်းစာဖော်ထုတ်ရရှိခဲ့ကြောင်း။

ထို့နောက် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် NLD ပါတီက အနိုင်ရရှိခဲ့ပြီး ဒီမိုကရေစီဒုတိယအစိုးရအဖြစ် နိုင်ငံတော်၏တာဝန်များကိုဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့တာဝန်ယူဆောင်ရွက်ချိန်တွင် ၎င်းတို့အပေါ် ပြည်သူလူထုမှ များစွာ မျှော်လင့်ထားခဲ့သော်လည်း စီမံခန့်ခွဲမှုအတွေ့အကြုံအားနည်းမှုများ၊ ယခင်အစိုးရ၏ လုပ်ဆောင်မှုများကို အတိုက်အခံဆောင်ရွက်မှုများကြောင့် စီးပွားရေးအရ အားနည်းချက်များဖြစ်ပေါ်ခဲ့ကြောင်း၊ စတင်တာဝန်ယူစဉ် နှစ်နှစ်အတွင်း ပြည်ပအကူအညီများ များစွာရရှိခဲ့ပြီး နိုင်ငံ့စီးပွားရေးအားကောင်းခဲ့သော်လည်း နောက်ပိုင်းတွင် စီမံခန့်ခွဲမှုအားနည်းခြင်း၊ ပြည်ပနိုင်ငံများမှ အထောက်အပံ့များဖြင့်သာ စီးပွားရေးလည်ပတ်လျက်ရှိပြီး ပြည်တွင်းစီးပွားရေးအားပေးမှုမရှိခြင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများမရှိခြင်း၊ နိုင်ငံ၏ပကတိအခြေအနေနှင့် မကိုက်ညီသည့် နိုင်ငံခြားသားအကြံပေးများ၏ အကြံဉာဏ်များအတိုင်း ဩဇာခံဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ လုပ်ဆောင်မှုအားနည်းချက်များ၊ စီမံခန့်ခွဲမှု အားနည်းချက်များကြောင့် ပြည်သူလူထုမှလည်း ၎င်းတို့အပေါ် အယုံအကြည်အားနည်းလာသဖြင့် ၎င်းတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အနိုင်ရရှိနိုင်ရန် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်ခဲ့ပြီး ရွေးကောက်ပွဲကျင်းပပြုလုပ်ခဲ့ချိန်တွင် မဲမသမာမှုများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်တွေ့ရှိရကြောင်း။

ထိုကဲ့သို့ မဲစာရင်းကွဲလွဲမှုများ ကြီးမားစွာဖြစ်ပေါ်ခဲ့မှုအပေါ် တပ်မတော်အနေဖြင့် တာဝန်ရှိသူများမှ စိစစ်အရေးယူဆောင်ရွက်ပေးရန်အတွက် သက်ဆိုင်ရာအစိုးရအဖွဲ့ထံသို့ အကြိမ်ကြိမ်အသိပေးအကြောင်းကြားခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ခြင်းမရှိသည့်အပြင် စာမျက်နှာ ၄ သို့

*စာမျက်နှာ ၃ မှ*

လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏ အာဏာကို အမွေရယူရန်ဆောင်ရွက်ခဲ့ခြင်းကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်အား ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေရချိန်အတွင်း နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကြောင့် ဖြစ်ပေါ်လာသည့် ဆူပူအကြမ်းဖက်မှုများနှင့် လက်နက်ကိုင်အကြမ်းဖက်မှုများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ နယ်မြေချဲ့အမြတ်ထုတ်လိုမှုများ၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများ၊ မုန်တိုင်းတိုက်ခတ်မှု၊ ရေကြီးရေလျှံမှု စသည့် သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှုများ၊ ထိခိုက်ဆုံးရှုံးမှုအများအပြားဖြစ်ပေါ်စေခဲ့သည့် မန္တလေး ငလျင်ကြီးလှုပ်ခတ်ခဲ့မှုများ စသည့် အခက်အခဲ၊ အကျပ်အတည်းမျိုးစုံကြားမှ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

**လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်**

ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အရေးအကြီးဆုံးဖြစ်သည့်အတွက် မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတစ်ရပ်ကို အောင်မြင်စွာကျင်းပပေးနိုင်ရေးအတွက် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအပါအဝင် လိုအပ်သည့်ကြိုတင်ပြင်ဆင်ခြင်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ မကြာမီရက်သတ္တပတ်ကာလအတွင်း လွတ်လပ်ပြီးတရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ဆန္ဒမဲများပေးရာတွင် တိုင်းပြည်နှင့်ဒေသကောင်းကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ နိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ စီးပွားရေးအမြင်၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအမြင်ရှိသူ၊ လွတ်လပ်ရေးရရှိပြီးကတည်းက ယနေ့ထက်တိုင် ခိုင်မာစွာတည်ရှိနေသည့် တပ်မတော်နှင့် စိတ်တူကိုယ်တူ လက်တွဲဆောင်ရွက်နိုင်သည့်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သည့်သူ၊ ဥပဒေနှင့် ပတ်သက်၍ အသိပညာရှိသူများကိုရွေးချယ်၍ ဆန္ဒမဲများ ပေးနိုင်ရန်လိုကြောင်း၊ တပ်မတော်သည် နိုင်ငံတော်နှင့်အမျိုးသားရေးကိုသစ္စာရှိစွာဖြင့်ခေတ်အဆက်ဆက် ဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း၊ လွှတ်တော်ဆိုသည်မှာ ဥပဒေပြုရေးကို ဆောင်ရွက်ခြင်းဖြစ်ပြီး နိုင်ငံတော်ကိုအုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး စသည့် မဏ္ဍိုင်ကြီးသုံးခုအပြန်အလှန်ထိန်းကျောင်းရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏ အကျိုးစီးပွားကိုထိခိုက်စေနိုင်သည့် ဥပဒေများကို ဥပဒေနှင့်အညီ ပြင်ဆင်ခြင်းနှင့် ပယ်ဖျက်ခြင်းများကိုလည်း ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ဥပဒေပြုရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဥပဒေပညာရပ်များကို သိရှိနေရန်လိုကြောင်း၊သို့ဖြစ်၍နိုင်ငံ၏ဥပဒေပြုရေးဖြစ်သည့် လွှတ်တော်တွင်ကိုယ်စားလှယ်များအဖြစ် တာဝန်ထမ်းဆောင်ကြမည့်သူများအနေဖြင့် ထိုက်သင့်သည့် အတန်းပညာရှိရန်လိုကြောင်း၊ ထို့ကြောင့် ကိုယ်စားလှယ်လောင်းများအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့်သူများအနေဖြင့်အနည်းဆုံးအဆင့်တက္ကသိုလ်ဝင်တန်းတက်ရောက်ပြီးဆုံးသူများဖြစ်ရန် သတ်မှတ်ထားရှိခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကိုကျင့်သုံးရာတွင် ဥပဒေကို မဖြစ်မနေသိရှိနေရန်လိုကြောင်း၊ KG + 12 တက်ရောက်ပြီးသူများအနေဖြင့် အခြေခံပညာအဆင့်သင်ကြားပြီးချိန်တွင် အနည်းဆုံးအသက် ၁၈ နှစ်ပြည့်သူများဖြစ်လာမည်ဖြစ်သဖြင့် ဆန္ဒမဲပေးနိုင်သည့် အသက်အရွယ်များဖြစ်ကြောင်း၊ ထို့ကြောင့် ဥပဒေအသိပညာများသိရှိစေရေး မိမိတို့အနေဖြင့် KG+12 တက်ရောက်နေသည့်ကျောင်းသား၊ကျောင်းသူများအား ဥပဒေအသိပညာများကို သင်ကြားပေးနေခြင်းဖြစ်ကြောင်း။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို တိုင်းမှူးထံ ပေးအပ်စဉ်။

**နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး**

စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့အစိုးရတာဝန်ထမ်းဆောင်ချိန်တွင် စီးပွားရေးအရ ပိတ်ဆို့မှုများရှိခဲ့ပြီး ပြည်ပထောက်ပံ့မှုများ များစွာလျော့နည်းသွားခဲ့ကြောင်း၊ ထို့ပြင် ပြည်ပနိုင်ငံများသို့ပေးဆပ်ရန် ကျန်ရှိနေသည့် ကြွေးမြီများအား ပြန်လည်ပေးဆပ်နိုင်ရေး မိမိတို့အနေဖြင့် ဆောင်ရွက်ခဲ့ရကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများတိုးမြှင့်၍ ပြည်ပသို့ပို့ကုန်များတင်ပို့နိုင်ရေး ဆောင်ရွက်ခဲ့ရကြောင်း၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရာတွင် အခြေခံစာရင်းဇယားအချက်အလက်များ မှန်ကန်မှုရှိရန်လိုကြောင်း၊ ခေတ်အဆက်ဆက်တွင် အချက်အလက်များ မှန်ကန်စွာရရှိမှုမရှိခြင်းကြောင့် နိုင်ငံတော်၏ အကျိုးစီးပွားကို ထိခိုက်စေခဲ့ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ၌ တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင်ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေးထုတ်ကုန်များ ပြည်ပသို့ပိုမိုတင်ပို့နိုင်မည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၈ ဘီလီယံခန့်ဝင်ငွေပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအတွင်း နေထိုင်ကြသူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုပြီး လူတစ်ဦးချင်းစီအလိုက် ကျရာအခန်းကဏ္ဍတွင် အမှန်တကယ်အလုပ်လုပ်ကြရန်လိုကြောင်း။

**တပ်မတော်သားများ၏ သက်သာချောင်ချိရေးနှင့် စွမ်းရည်၊ စွမ်းအား ပြည့်ဝကောင်းမွန်စေရေး**

တပ်မတော်သားများနှင့် နိုင်ငံ့ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် တတ်နိုင်သရွေ့ ခံစားခွင့်များ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်တွင် စစ်သည်အဆင့်အတန်းအားလုံး၏ နေရေး၊ စားရေး၊ ဝတ်ရေးတို့အပါအဝင် ရသင့်ရထိုက်သည့် ခံစားခွင့်များအားလုံး ရရှိစေရေး ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်းအနေဖြင့်လည်း မိမိကိုယ်ကို အကျိုးမဖြစ်စေနိုင်သည့် အသောက်အစား၊ အပျော်အပါးနှင့် အစားအသောက်များကို ကိုယ်စီအသိစိတ်ဖြင့် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ မိမိတို့ရရှိသည့် ဝင်ငွေနှင့် ထွက်ငွေကို မျှတအောင် သုံးစွဲခြင်းဖြင့် သက်သာချောင်ချိမှုကို ဖန်တီးနိုင်မည်ဖြစ်ပြီး ဝင်ငွေနှင့် ထွက်ငွေမျှတမှုရှိစေရေး အသုံးနှင့် အဖြုန်းကို ခွဲခြားသိရှိဆောင်ရွက်ကြစေလိုကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သားများ၏ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို မှန်မှန်ကန်ကန် ဆောင်ရွက်သွားမည်ဆိုပါက သက်သာချောင်ချိရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မိမိတို့ဘဝတိုးတက်ရေးအတွက် ငွေကြေးသုံးစွဲမှုများ မျှတမှုရှိစေရေး ဆောင်ရွက်ရန်၊ ကြိုးစားအားထုတ်မှုများ အမြဲမပြတ်ဆောင်ရွက်ရန်လိုကြောင်း။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် ခိုင်မာသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့်အတွက် အမြဲတိုက်ပွဲဝင်အသင့် (Fit for Fight) ဖြစ်နေရန်လိုကြောင်း၊ တစ်ဦးချင်းအနေဖြင့် ကျန်းမာကြံ့ခိုင်နေရန်၊ ရဲစွမ်းသတ္တိရှိရန်၊ ကျွမ်းကျင်မှုရှိရန်လိုသဖြင့် နေ့စဉ်ဆောင်ရွက်ရမည့် သမားစဉ်လုပ်ငန်းများကို မှန်မှန်ကန်ကန်ဆောင်ရွက်နေရန် လိုကြောင်း၊ တပ်မတော်သားများအားလုံးကို သက်ဆိုင်ရာအဆင့်အလိုက် တတ်သင့်တတ်ထိုက်သည့် စစ်ပညာရပ်များကို စနစ်တကျ လေ့ကျင့်သင်ကြားပေးထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါသင်ကြားပေးထားသည့် စစ်အတတ်ပညာများကို မှန်မှန်ကန်ကန်ဖြင့် အသုံးချသွားရန်လိုကြောင်း၊ မိမိတို့ကိုင်တွယ်အသုံးပြုရသည့် လက်နက်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများကို ကျွမ်းကျင်စွာဖြင့် ကိုင်တွယ်အသုံးချနိုင်ရန်လိုကြောင်း၊ နေထိုင်စားသောက်မှုများအားလုံးတွင်လည်း အသိ၊ သတိဖြင့် နေထိုင်ကြရန်လိုကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော်အနေဖြင့် တိုက်စွမ်းအားနှင့်တိုက်စွမ်းရည်များ ကောင်းမွန်ပြည့်ဝရန်နေရန်လိုကြောင်း၊ တိုက်စွမ်းအားပြည့်ဝနေရန်အတွက် နိုင်ငံတော်အနေဖြင့်လိုအပ်သည့် လက်နက်များ၊ လေယာဉ်၊ ရဟတ်ယာဉ်များ၊ တပ်မတော်ရေယာဉ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တိုက်စွမ်းအား ပြည့်ဝနေစေရေးအတွက် တပ်မတော်သားတစ်ဦးချင်း၏ စွမ်းရည်များ တိုးတက်ကောင်းမွန်အောင် အမြဲမပြတ် ဆောင်ရွက်နေကြရန် လိုကြောင်း။

*စာမျက်နှာ ၅ သို့*




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို တိုင်းမှူး၏ဇနီးထံ ပေးအပ်စဉ်။

- ❖ **နိုင်ငံတော်အနေဖြင့် ရှေ့ဆက်လက်ဆောင်ရွက်သွားရမည့်လုပ်ငန်းများ များစွာရှိနေပြီး မိမိတို့အနေဖြင့် ပထမစာမျက်နှာကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ပြီးဖြစ်**
- ❖ **ရွေးကောက်ပွဲကျင်းပပြီးစီးချိန်တွင် နိုင်ငံတော်၏ ဒုတိယစာမျက်နှာအစကို ကောင်းမွန်စွာဆောင်ရွက်ပြီး အနာဂတ်တွင် ကောင်းမွန်ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို ဖော်ဆောင်နိုင်ရေး အားလုံး၏ဝိုင်းဝန်းပါဝင်မှုဖြင့် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၁၄
ရက်
သာ လိုတော့သည်။

*စာမျက်နှာ ၄ မှ*

**ကောင်းမွန်ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်ကို ဖော်ဆောင်ရေး**

မိမိတို့အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေချိန်အတွင်း လုပ်ငန်းတာဝန်အရပ်ရပ်ကို အခက်အခဲပေါင်းစုံကြားမှ ရင်ဆိုင်ကျော်လွှားခဲ့ပြီး မကြာမီကာလအတွင်း အန္တိမရည်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပေးနိုင်တော့မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ရှေ့ဆက်လက်ဆောင်ရွက်သွားရမည့်လုပ်ငန်းများ များစွာရှိနေပြီး မိမိတို့အနေဖြင့် ပထမစာမျက်နှာကို အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြီးစီးချိန်တွင် နိုင်ငံတော်၏ ဒုတိယစာမျက်နှာအစကို ကောင်းမွန်စွာ ဆောင်ရွက်ပြီး အနာဂတ်တွင် ကောင်းမွန်ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို ဖော်ဆောင်နိုင်ရေး အားလုံး၏ ဝိုင်းဝန်းပါဝင်မှုဖြင့် ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များအား မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးက လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ဇနီးက လည်းကောင်း လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲကျင်းပ

# နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ငွေကျပ် ၁၄၅ သိန်းကျော်တန်ဖိုးရှိ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများအား ပေးအပ်လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၁၃

**မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ ၁၃၈၇ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေ ပညာရှင်များ ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ငွေကျပ် ၁၄၅ သိန်းကျော်တန်ဖိုးရှိ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများအား လှူဒါန်းသည်။**



အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကန်တော့ခံ သက်ကြီးစာပေ ပညာရှင်များနှင့် စာရေးဆရာ ဆရာမကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က လှူဒါန်းသည့် ငွေကျပ် ၁၄၅ သိန်းကျော်တန်ဖိုးရှိ အင်္ကျီ၊ ပုဆိုး၊ လက်ဆွဲအိတ်၊ ခြုံပဝါနှင့် ပါတိတ်လုံချည်တို့ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က လက်ခံရယူသည်။

ထို့နောက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးက လှူဒါန်းသည့် ငွေကျပ် သိန်း ၁၀၀ နှင့် ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသည့် ငွေကျပ်သိန်း ၃၀ တို့ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းသည့် ငွေကျပ် ၂၈၈ သိန်းကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက လည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက လှူဒါန်းသည့် ငွေကျပ် သိန်း ၃၀ ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေးက လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက လှူဒါန်းသည့် ငွေကျပ် ၁၅ သိန်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်က လှူဒါန်းသည့် ငွေကျပ် ၁၅ သိန်းတို့ကို တာဝန်ရှိသူများကလည်းကောင်း ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မှာတာစကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက မှာတာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာရေးဆရာ အသင်းဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ စာရေးဆရာအသင်း ဘဏ္ဍာငွေရှာဖွေရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူးက အလှူရှင်များစာရင်းကို ဖတ်ကြားသည်။

ထို့နောက် ကန်တော့ခံသက်ကြီး စာပေပညာရှင်ကြီး ၂၈၈ ဦးအား တက်ရောက်လာကြသူများက လက်အုပ်ချီမိုး ကန်တော့ကြပြီး (အပေါ်ပုံ) ကန်တော့ခံပစ္စည်းများ၊ ဂါရဝပြု ဂုဏ်ပြုငွေများ ပေးအပ်ကြသည်။

ယင်းနောက် ကန်တော့ခံ သက်ကြီးစာပေ ပညာရှင်ကြီးများကိုယ်စား စာရေးဆရာကြီး လယ်တွင်းသားစောချစ်က ဩဝါဒစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အခမ်းအနားသို့ တက်ရောက်လာသည့် ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများအား ရင်းရင်းနှီးနှီး ဂါရဝပြု နှုတ်ဆက်ခဲ့ကြသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က လှူဒါန်းသည့် ငွေကျပ် ၁၄၅၄၂၉၀၀ တန်ဖိုးရှိ အင်္ကျီ၊ ပုဆိုး၊ လက်ဆွဲအိတ်၊ ခြုံပဝါနှင့် ပါတိတ်လုံချည်များကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပေးအပ်လှူဒါန်းစဉ်။



အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးက လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပေးအပ်လှူဒါန်းစဉ်။

# အောင်မြေသာစံမြို့နယ်ရှိ ဣန္ဒြိယာရာမရွှေဂူပရိယတ္တိစာသင်တိုက်အတွင်း မန်းမြင့်မိုရ်ဟိန်း သာသနာ့ဗိမာန်ပန္နက်တော်တင် မင်္ဂလာအခမ်းအနား ကျင်းပ





**မန္တလေး ဒီဇင်ဘာ ၁၃**

အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်ရှိ ဣန္ဒြိယာရာမရွှေဂူ ပရိယတ္တိစာသင်တိုက်အတွင်း မန်းမြင့်မိုရ်ဟိန်း သာသနာ့ဗိမာန်ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မဟာသုဖောဓာရုံကျောင်းကြီးများ၏ ပဓာနနာယက ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာ နန္ဒမာလာဘိဝံသ အမှူးပြုသော မန္တလေးကျောင်းထိုင်ဘုန်းကြီးကျောင်းဆရာတော်ကြီးနှင့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်မိသားစုများနှင့် အလှူရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာနန္ဒမာလာဘိဝံသက ဥရုပန္နက်တော်နေရာနှင့် ဆရာတော်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ မင်္ဂလာအချိန်တွင် ရတနာပန္နက်တော် ကိုးချက် စိုက်ထူတင်လှူပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။

၎င်းနောက် အခမ်းအနားကို မင်္ဂလာမဏ္ဍပ်တွင် ဆက်လက်ကျင်းပရာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် မနောမရကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသဝထံမှ သရဏဂုံသုံးပါးနှင့် ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာနန္ဒမာလာဘိဝံသထံ တိုင်းဒေသကြီးဝန်ကြီးချုပ်က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီးနောက် အလှူရှင် မန်းမြင့်မိုရ်ဟိန်းကုမ္ပဏီ မိသားစုက ဓမ္မပူဇာအဖြစ် အလှူငွေကျပ် သိန်း ၃၀ နှင့် တောင်ကြီးမြို့ ဘုရားကြီးအနောက်ကျောင်း ပရိယတ္တိစာသင်တိုက်အတွင်း အနန္တဂုဏ်ရည် သုံးထပ်ကျောင်းဆောင်တော်ကြီးအတွက် အလှူငွေကျပ် သိန်း ၂၅၀ ကိုလည်းကောင်း၊ အလှူရှင်များက အလှူငွေများကိုလည်းကောင်း၊ သစ္စာအဓိဋ္ဌာန်အောင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီး ၂၄ နာရီ မီးလင်းနိုင်ရေးအတွက် အလှူရှင်များက အလှူငွေများကိုလည်းကောင်း၊ တာဝန်ရှိသူများက ဆရာတော်များထံ လှူဖွယ်ပစ္စည်းများကိုလည်းကောင်း အသီးသီး လှူဒါန်းခဲ့ကြသည်။



၎င်းနောက် ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာနန္ဒမာလာဘိဝံသထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းနှင့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**



# ကလေးအလုပ်သမားပပျောက်ရေး ဟောပြောပွဲနှင့် နယ်လှည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ကျောက်တလုံးကြီး ဒီဇင်ဘာ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့၌ ကလေးအလုပ်သမား ပပျောက်ရေး ဟောပြောပွဲနှင့် နယ်လှည့်အသိပညာပေးလုပ်ငန်းများကို အခြေခံပညာမူလတန်းကျောင်း ထီပြွန်တွင် ဒီဇင်ဘာ ၁၂ ရက် နံနက် ၈ နာရီခွဲက ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ကျောက်တလုံးကြီး မြို့ဦးစီးမှူး ဒေါ်သန္တာဝင်းက ကလေးအလုပ်သမား၏ အဓိပ္ပာယ်၊ ကလေးအလုပ်သမား၏ အသက်အရွယ်၊ ကလေးအလုပ်သမားဆိုင်ရာတားမြစ်ချက်များ၊ အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက်နှင့် ကျောင်းသား၊ ကျောင်းသူများအတွက် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ စသည်တို့ကို ဟောပြောပြီး ဝန်ထမ်းများက ကျောင်းသားလူငယ်များ စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် စာအုပ်ပြပွဲနှင့် ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်ကို ပြသခဲ့သည်။

အဆိုပါ နယ်လှည့်ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်စာစောင်ပြပွဲသို့ အ·မ·က ထီပြွန်မှ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူ လူငယ်များ အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်လှည့်လုပ်ငန်းများအပြင် အွန်လိုင်းမှတစ်ဆင့် အသိပညာပေးလုပ်ငန်းများကို ရိုက်ကူးထုတ်လွှင့်တင်ဆက်ပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(၃၆၈)**

# စဉ့်ကိုင် အ.ထ.ကတွင် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**စဉ့်ကိုင် ဒီဇင်ဘာ ၁၃**

ကျောင်းသား၊ ကျောင်းသူ လူငယ်များ အသိအလိမ္မာတိုးပွားစေရေး၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာများ တိုးပွားစေရေး၊ နိုင်ငံတော်အတွက် အကျိုးပြုနိုင်သော အနာဂတ်သားကောင်းရတနာ၊ သမီးကောင်းရတနာလေးများ ပေါ်ထွန်းလာစေရေးတို့ကိုရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာန တို့ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့နံနက် ၁၀ နာရီက အ·ထ·က(စဉ့်ကိုင်) ကျောင်းရှိ သဇင်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

လူငယ်ရေးရာအသိပညာပေးဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းဆီက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းက လူငယ်ရေးရာ ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့ပြီး "လူငယ်နှင့်စာရိတ္တ"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ရဲလှိုင်က "လူငယ်နှင့်အားကစား"ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးဟောပြောကြသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်းနှင့် တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက ခန်းမအတွင်း ပြသထားသော အသိပညာဗဟုသုတစုံလင်သည့် ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးခြင်းစသည်တို့ကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**ကျော်စွာ(စဉ့်ကိုင်)**



# ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ(ဒုတိယအကြိမ်) လူထုစုပေါင်းလမ်းလျှောက်ပွဲ မန္တလေးမြို့ ရတနာပုံဥယျာဉ်တွင် လူဦးရေ ၃၇၀၀ ကျော် ပါဝင်ဆင်နွဲ










**မန္တလေး ဒီဇင်ဘာ ၁၃**

တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်နိုင်ရန်၊ တစ်မျိုးသားလုံး၏ ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံဖွံ့ဖြိုး တိုးတက်စေရန်၊ အားကစားကို လူအများ စိတ်ပါဝင်စားပြီး နိုင်ငံတော်သစ်တည်ဆောက်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်စေရန်၊ နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် လူတစ်စုအားကစားမှ လူထုအားကစားသို့ဟူသော ရည်မှန်းချက်ကို အထောက်အကူပြုစေရန် ရည်ရွယ်ချက်များဖြင့် နိုင်ငံတစ်ဝန်း၌ ဒီဇင်ဘာလ အားကစားလူထုစုပေါင်းလမ်းလျှောက်ပွဲကို ကျင်းပကြရာ တပျော်တပါး ပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိသည်။

မန္တလေးမြို့တွင် ဒီဇင်ဘာလအားကစား လူထုစုပေါင်းလမ်းလျှောက်ပွဲ ဒုတိယအကြိမ်ကို ယနေ့ နံနက် ၆ နာရီက အောင်မြေသာစံမြို့နယ်ရှိ မန္တလေးနန်းမြို့ရိုးနှင့် ကျုံးရေပြင်ကြား ရတနာပုံဥယျာဉ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ တက်ရောက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လူထုစုပေါင်းလမ်းလျှောက်ပွဲအား ရတနာပုံဥယျာဉ်နှင့် ကျုံးရေပြင်ကြား၊ ၁၉ လမ်း၊ ဦးထိပ်တံတားထိပ်အနီးရှိ တာလွှတ်နေရာမှ သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ပေးရာ ပြည်သူလူထု စုစုပေါင်းအင်အား ၃၇၀၀ ဦးကျော်က ကျုံးအရှေ့တောင်ဘက် ထောင့်အထိ စုပေါင်းလမ်းလျှောက်ခြင်းကို စည်ကားသိုက်မြိုက်စွာ ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြပြီး စုပေါင်းကိုယ်လက် ကြံ့ခိုင်မှု ကာယလေ့ကျင့်ခန်းအတွဲ (၁/၂)၊ Physical Fitness Dance များဖြင့် တပျော်တပါးလှုပ်ရှား ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**မန္တလေး ဒီဇင်ဘာ ၁၃**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ စကောစုရပ်ကွက်၊ လေးမျက်နှာဘုရားရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက သွားရောက်၍ အဆိုပါဘုရားရှိ နိဗ္ဗာနမုခ ဗိမာန်တော်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ **(အပေါ်ပုံ)**

ထိုသို့ ဆောင်ရွက်ပေးရာတွင် တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော် ၄၇ ပါး၊ ဒေသခံပြည်သူ ၁၈၈ ဦး၊ စုစုပေါင်း ၂၃၅ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှု၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ဆေးကုသနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(၀၃၈)**

**သင့်ကျန်းမာရေးအတွက် နေ့စဉ်လမ်းလျှောက်ပါ။**

## စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးသင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၃**

စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူး သင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မန္တလေး)တွင် ကျင်းပသည်။

အခမ်းအနားသို့ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာဦး၊ မန္တလေးလူငယ်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇင်ထွန်း၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း မန်နေဂျာ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ထက်အောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်း ဗဟိုအတွင်းရေးမှူး ဦးမြင့်သန်းနှင့် ဗဟိုအဖွဲ့ဝင်များ၊ နည်းပြများ၊ အလှူရှင်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာဦးက သင်တန်းဆင်း အမှာစကားပြောကြား၍ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်းအမှတ်စဉ်(၁/၂၀၂၅)သို့တက်ရောက်ခဲ့ကြသော သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ချီးမြှင့်ပေးခဲ့ပြီ သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက လက်ခံရယူ၍ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူး သင်တန်းဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၄)**



# တိုင်းမ်မဂ္ဂဇင်းက ဉာဏ်ရည်တု တီထွင်ဖန်တီးခဲ့သူများကို ၎င်း၏ ၂၀၂၅ ခုနှစ် အကောင်းဆုံးပုဂ္ဂိုလ်အဖြစ် သတ်မှတ်




**ဝါရှင်တန် ဒီဇင်ဘာ ၁၃**

တိုင်းမ်မဂ္ဂဇင်းက ဉာဏ်ရည်တု တီထွင်ဖန်တီးခဲ့သူများကို ၎င်း၏ ၂၀၂၅ ခုနှစ် အကောင်းဆုံးပုဂ္ဂိုလ်အဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။

တိုင်းမ်မဂ္ဂဇင်းက "The Architects of AI" ခေါင်းစဉ်ဖြင့် ဉာဏ်ရည်တု တီထွင်ဖန်တီးခဲ့သူများအား ဂုဏ်ပြုသည့်ပုံကို ၎င်း၏ မျက်နှာဖုံးတွင် ထည့်သွင်းဖော်ပြခဲ့သည်။

အဆိုပါဓာတ်ပုံသည် ဉာဏ်ရည်တုနည်းပညာဖြင့် အမေရိကန်အနုပညာရှင်တစ်ဦး ဖန်တီးပြုလုပ်ထားသည့် ဒစ်ဂျစ်တယ်ပန်းချီကားတစ်ချပ်ပုံဖြစ်သည်။ ၎င်းသည် ၁၉၃၀ ပြည့်နှစ်အတွင်းက ကျော်ကြားခဲ့သော ဓာတ်ပုံကို အခြေခံထားသည်။

၎င်းဓာတ်ပုံတွင် OpenAI ၏ ဆမ်အက်မန်နှင့် နီဗီဒီယာ၏ ဂျန်ဆန်ဟောင်တို့ အပါအဝင် နည်းပညာမြင့်ကုမ္ပဏီကြီးရှစ်ခု၏ အမှုဆောင်အရာရှိချုပ်ရှစ်ဦးက မိုးမျှော်တိုက်များဆောက်လုပ်ရန်အတွက် သွယ်တန်းထားသည့် သံမဏိတန်းတစ်ခုပေါ်တွင် အတူတကွထိုင်ကာ စကားပြောနေသည့်ပုံကို ဖန်တီးထားခြင်းဖြစ်သည်။

ဒေါ်နယ်ထရမ့်အစိုးရက ဉာဏ်ရည်တုနည်းပညာနယ်ပယ်၌ ပိုမိုရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် အားပေးလျက်ရှိကြောင်း တိုင်းမ်မဂ္ဂဇင်းက ရေးသားခဲ့သည်။

သမ္မတ ထရမ့်၏မူဝါဒများသည် ဉာဏ်ရည်တုနည်းပညာကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုမှုနှင့် နည်းပညာ၏အဆင့်မြင့်ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေခဲ့ကြောင်း ၎င်းက ဆိုသည်။


ထို့ပြင် တိုင်းမ်မဂ္ဂဇင်းက ဉာဏ်ရည်တုနည်းပညာ ပေါ်ပေါက်လာမှုကြောင့် တိုးတက်လာသော လုပ်ငန်းခွင်၏ ကုန်ထုတ်စွမ်းအားနှင့် အဆင်ပြေမှုတို့အပြင် အလုပ်အကိုင်ဆုံးရှုံးမှုနှင့် ဉာဏ်ရည်တုနည်းပညာ သုံးစွဲမှုကို စွဲလမ်းခြင်းကဲ့သို့သော အပျက်သဘောဆောင်သည့် ရှုထောင့်များကိုလည်း ထည့်သွင်းဖော်ပြခဲ့သည်။

ဉာဏ်ရည်တုနည်းပညာသည် နျူကလီးယား လက်နက်များ ထွန်းကားလာချိန်မှစ၍ အင်အားကြီး နိုင်ငံများအကြား အင်အားပြိုင်ဆိုင်မှုတွင် အကောင်းဆုံး ကိရိယာတစ်ခုအဖြစ် ပေါ်ထွက်လာခဲ့ပြီ ဖြစ်ကြောင်း ရေးသားထားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

## တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ ဒစ္စနေးအပန်းဖြေစခန်း၌ လက်မှတ်ပြန်အမ်းငွေ မူဝါဒအသစ်ထပ်မံအတည်ပြု



**ပေကျင်း ဒီဇင်ဘာ ၁၃**

ရှန်ဟိုင်းဒစ္စနေး အပန်းဖြေစခန်းသည် လက်ရှိပြန်အမ်းငွေမပေးသည့် ချဉ်းကပ်မှုမှ ဖယ်ခွာကာ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၂ ရက်မှစ၍ အသက်ဝင်မည့် ပိုမိုပြောင်းလွယ် ပြင်လွယ်ရှိသော စနစ်ကို မိတ်ဆက်သည့် လက်မှတ်ပြန်အမ်းငွေ မူဝါဒကို ဒီဇင်ဘာ ၁၀ ရက်တွင် ထပ်မံအတည်ပြုခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မွမ်းမံထားသော မူဝါဒသည် အပန်းဖြေစခန်း၏ တရားဝင်ချန်နယ်များမှတစ်ဆင့် ဝယ်ယူသည့် စံနှုန်းသတ်မှတ်ထားသော လက်မှတ်များအတွက် အဆင့်လိုက် ပြန်အမ်းငွေစနစ်တစ်ခုဖြစ်သည်။

လမ်းညွှန်ချက်အသစ်များအရ ဧည့်သည်များသည် ၎င်းတို့၏ သတ်မှတ်ထားသော လာရောက်လည်ပတ်မည့်ရက်မတိုင်မီ အနည်းဆုံး ခုနစ်ရက်ကြိုတင်၍ ဖျက်သိမ်းပါက အပြည့်အဝ ပြန်အမ်းငွေရရှိနိုင်မည်ဖြစ်ပြီး၊ ခြောက်ရက်မှ တစ်ရက်အကြားဖျက်သိမ်းပါက လက်မှတ်တစ်စောင်လျှင် ယွမ် ၈၀ (ဒေါ်လာ ၁၁ ဒသမ ၃)ဝန်ဆောင်ခပေးဆောင်ရမည်ဟု ဆိုသည်။

ထိုသို့မူဝါဒသစ် အတည်ပြုခြင်းက ဧည့်သည်များအနေဖြင့် ၎င်းတို့၏ ခရီးသွားအစီအစဉ်များတွင် မမျှော်လင့်ထားသော အပြောင်းအလဲများကို ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ရန် ကူညီပေးခြင်းဖြင့် ပိုမိုပြောင်းလွယ် ပြင်လွယ်ရှိမှုနှင့် အဆင်ပြေမှုကို ပေးစွမ်းရန် ရည်ရွယ်သည်။

ယင်းမူဝါဒတွင် တစ်ရက်နှင့် နှစ်ရက်စံနှုန်းသတ်မှတ်ထားသော လက်မှတ်များအပြင် ဒစ္စနေးအိပ်မက်နေ့အထူးအစီအစဉ်လက်မှတ်နှစ်မျိုးစလုံး အကျုံးဝင်မည်ဖြစ်သည်။

နှစ်ရက်လက်မှတ်များအတွက်၊ ပြန်အမ်းငွေ ရထိုက်ခွင့်ကို စီစဉ်ထားသော လာရောက်လည်ပတ်မည့် ပထမဆုံးနေ့ကို အခြေခံ၍ တွက်ချက်မည်ဖြစ်ကြောင်း သိရသည်။

Mon

## တရုတ်နိုင်ငံ၏ ကုန်သွယ်ရေး အစီအစဉ်များမြှင့်တင်ရန် ပို့ကုန်နှင့် သွင်းကုန်များကို တိုးချဲ့ရန် စီစဉ်ထားသည်ဟု ဆို

**ပေကျင်း ဒီဇင်ဘာ ၁၃**

လာမည့်နှစ်တွင် ရေရှည်တည်တံ့သော ကုန်သွယ်မှုကို မြှင့်တင်ရန် ကြိုးပမ်းအားထုတ်မှုများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် တရုတ်နိုင်ငံက ပို့ကုန်နှင့် သွင်းကုန်များကို တိုးချဲ့ရန် စီစဉ်ထားသည်ဟု စီးပွားရေးဆိုင်ရာ အကြီးတန်းအရာရှိတစ်ဦးက ဒီဇင်ဘာ ၁၃ ရက်တွင် ထုတ်ဖော်ပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးနိုင်ငံ၏ ထရီလီယံဒေါ်လာများစွာသော ကုန်သွယ်မှုပိုငွေသည် ပေကျင်း၏ ကုန်သွယ်ဖက်နိုင်ငံများနှင့် အငြင်းပွားမှုများကို ဖြစ်ပေါ်စေပြီး ၎င်း၏ ထုတ်လုပ်မှုအဓိကထားသည့် စီးပွားရေးတိုးတက်မှုပုံစံသည် ရေရှည်တည်တံ့မှုမရှိဟု နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့နှင့် အခြားသော လေ့လာသူများက ဝေဖန်ခဲ့ဖူးသည်။

ကျွန်ုပ်တို့သည် ဖွင့်လှစ်မှုကို ဆုပ်ကိုင်ထားရမည်၊ ကမ္ဘာ့ပေါင်းစုံတွင် အပြန်အလှန်အကျိုးဖြစ်ထွန်းသည့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရမည်၊ နိုင်ငံခြားကုန်သွယ်ရေး၏ ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးရန်အတွက် ပို့ကုန်များကို တိုးချဲ့နေစဉ် သွင်းကုန်များကိုလည်း တိုးမြှင့်ရမည်ဟု ဗဟိုဘဏ္ဍာရေးနှင့် စီးပွားရေးရေးရာကော်မရှင်၏ ဒုတိယညွှန်ကြားရေးမှူး ဟန်ဝမ်ရှူးက စီးပွားရေးညီလာခံတစ်ခုတွင် ပြောကြားခဲ့ကြောင်း သိရသည်။

Mon



## သမိုင်းဝင်ရေကြီးမှုများ ဖြစ်ပေါ်ပြီးနောက်ပိုင်း ဝါရှင်တန်ပြည်နယ်တွင် မိုးထပ်မံသည်းထန်ဦးမည်



**ဝါရှင်တန် ဒီဇင်ဘာ ၁၃**

ရေကြီးမှုများ ဖြစ်ပွားနေသည့် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ပြည်နယ်နှင့် ပစိဖိတ် အနောက်မြောက်ဒေသတွင် မိုးရွာသွန်းမှုများနောက်ဆုံးတွင် ရပ်တန့်သွားခဲ့သော်လည်း ယင်းဒေသသည် စိတ်အေးသက်သာရမည့် အခြေအနေမဟုတ်ဘဲ လာမည့်အပတ်တွင် မိုးများ ထပ်မံသည်းထန်ဦးမည်ဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အားကောင်းသော လေထုမြစ်ကြောင့် ရက်ပေါင်းများစွာ ရေလွှမ်းမိုးမှု ဖြစ်ပွားခဲ့ခြင်းက သမိုင်းဝင်ရေကြီးမှုများ၊ လူထောင်ပေါင်းများစွာကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးမှုများနှင့် ရေထဲမှ ကယ်ဆယ်မှု ဒါဇင်ပေါင်းများစွာကိုဖြစ်ပေါ်စေခဲ့ပြီးနောက် မြစ်ရေများသည် အန္တရာယ်ရှိလောက်အောင် မြင့်တက်လျက်ရှိသည်။

"ဒီအခြေအနေက တကယ်ကို သမိုင်းဝင်ပါတယ်ခင်ဗျာ၊ စကာဂစ်မြစ်နဲ့ ဆီဒါမြစ်တွေလို မြစ်တွေက စာသားအတိုင်းသမိုင်းဝင်ရေကြီးမှုအဆင့်တွေကို ကြုံတွေ့နေရပါတယ်"ဟု ဝါရှင်တန်ပြည်နယ်အုပ်ချုပ်ရေးမှူး ဘော့ဘ်ဖာဂူဆန်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

"ဒီရေကြီးမှုအဆင့်မျိုးကို ဒီပြည်နယ်က ဒေသခံတွေ အရင်တုန်းက မကြုံဖူးပါဘူး" ဟု ၎င်းက ပြောကြားကြောင်း သိရသည်။

Mon

## ယခုနှစ် တုပ်ကွေးရာသီအတွင်း အမေရိကန်၌ တုပ်ကွေးဖြစ်ပွားသူ ၂ ဒသမ ၉ သန်းရှိ

**လော့စ်အိန်ဂျလိစ် ဒီဇင်ဘာ ၁၃**

အမေရိကန်ပြည်ထောင်စု၌ ယခုနှစ်တုပ်ကွေးရာသီအတွင်း တုပ်ကွေးဖြစ်ပွားသူ ၂ ဒသမ ၉ သန်း ရှိပြီး ဆေးရုံတက်ရောက် ကုသမှုခံယူရသူ ၃၀၀၀၀ ရှိကာ သေဆုံးသူ ၁၂၀၀ ရှိသည်ဟု အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (စီဒီစီ) က ဒီဇင်ဘာ ၁၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။ နိုင်ငံအတွင်း နေရာအများစုတွင် ရာသီတုပ်ကွေးဖြစ်ပွားမှု ဆက်လက်မြင့်တက်လာဖွယ်ရှိသည်ဟု စီဒီစီက ပြောသည်။

H3N2 ဗိုင်းရပ်စ်သည် ယခုရာသီတွင် အဓိကဖြစ်နေသော ဗိုင်းရပ်စ်မျိုးကွဲဖြစ်သည်။ ဒီဇင်ဘာ ပထမပတ်အတွင်းတုပ်ကွေးရောဂါကြောင့် ပထမဆုံးကလေးသေဆုံးမှုဖြစ်ပွားခဲ့သည်။ ထို့ကြောင့် စီဒီစီက အသက် ခြောက်လနှင့်အထက် ကာကွယ်ဆေး မထိုးရသေးသည့် ကလေးငယ်များ တုပ်ကွေးကာကွယ်ဆေးထိုးရန် တိုက်တွန်းထားသည်။

ဆင်ဟွာ

STOP AIDS

# အမျိုးသမီးများကို တရုတ်အမျိုးသားနှင့် လက်ထပ်ပေါင်းသင်းစေပြီး ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူသူများနှင့် တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ ချမှတ်

နေပြည်တော် ဒီဇင်ဘာ ၁၃

အမျိုးသမီးများကို တရုတ်အမျိုးသားနှင့် လက်ထပ်ပေါင်းသင်းစေပြီး ငွေကြေးအကျိုးအမြတ်ခေါင်းပုံဖြတ်ရယူသူများနှင့် တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်နှစ် ၂၀ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်နေ မ----၊ ၂၁/ ၂၀၂၅ နှစ်သည် အထည်ချုပ်စက်ရုံတွင် အလုပ်လုပ်ကိုင်နေစဉ် ဖခင်ဖြစ်သူမှာ လက်သမားအလုပ် လုပ်ကိုင်ရာမှ ငြမ်းပေါ်မှ ပြုတ်ကျဒဏ်ရာရရှိသဖြင့် ဆေးကုသရန် ငွေကြေးအခက်အခဲဖြစ်နေ၍ တစ်ဆောင်တည်းနေထိုင်သူ ဒေါ်မီမီသန်းမှ တရုတ်အမျိုးသားနှင့် လက်ထပ်ပါက တင်တောင်းငွေကျပ်သိန်း ၁၅၀ ရမည်၊ မိဘများကို လစဉ်ထောက်ပံ့ပေးမည်ဟု စည်းရုံးပြောဆို၍ တရုတ်ဘာသာစကားကျွမ်းကျင်သည့် သားမက်ဖြစ်သူ အားချန် (ခ)ချစ်ထူးအောင်နှင့် ချိတ်ဆက်၍ တရုတ်နိုင်ငံသား ZHU RIYONG ဆိုသူနှင့် တွေ့ဆုံပေးခဲ့ရာ တရုတ်နိုင်ငံသားမှ သဘောကျသဖြင့် မင်္ဂလာဒုံခရိုင်တရားရုံး၌ လက်ထပ်စာချုပ်ပြုလုပ်ခဲ့ပြီးနောက် တရုတ်အမျိုးသား ငှားရမ်းနေထိုင်သည့် FMI အိမ်ရာဝင်း ရွှေစံပယ်(၁)လမ်း တိုက် (F 13) သို့ လိုက်ပါနေထိုင်ခဲ့ရသည်။

တရုတ်အမျိုးသားက နိုင်ငံကူး လက်မှတ်ပြုလုပ်နိုင်းသဖြင့် မေးမြန်းခဲ့ရာ ဒေါ်မီမီသန်းနှင့်အားချန်(ခ) ချစ်ထူးအောင်တို့ထံမှ ငွေကျပ်သိန်း ၂၅၀ ခန့် အကုန်အကျခံဝယ်ယူထားသဖြင့် တရုတ်နိုင်ငံသို့ လိုက်ပါနေထိုင်ပြီး ကလေးမွေးပေးရမည်ဟု ပြောဆိုပြီး တရုတ်နိုင်ငံသို့ အတင်းအကြပ်ခေါ်ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း စိစစ်သိရှိရသဖြင့် အမျိုးသမီးကို တရုတ်နိုင်ငံသားနှင့် လက်ထပ်ထိမ်းမြားစေပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့ကြသူများကို အမှတ် (၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(ရန်ကုန်)မှ ရဲအုပ်နိုင်လင်းထွန်းက တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ထန်းတပင်မြို့နယ် တက်သစ်နယ်မြေရဲစခန်း (ပ)၂၄/ ၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ဒီဇင်ဘာ ၈ ရက်တွင် မှော်ဘီခရိုင်တရားရုံးမှ ဖမ်းမိတရားခံ ဒေါ်မီမီသန်းနှင့် တရုတ်နိုင်ငံသား ZHU RIYONG တို့ နှစ်ဦးကိုလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ အားချန်(ခ)ချစ်ထူးအောင်ကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/ ၈၈ ထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နေ ဇော်ထိုက် (ခ) ဖိုးကွန်းနှင့် ၎င်း၏ ဇနီး စန္ဒာဝင်းတို့မှ တစ်မြို့တည်းနေ မ----၊ ၃၄/ ၂၀၂၅ နှစ်အား တရုတ်နိုင်ငံတွင် အိမ်အကူအဖြစ် သွားရောက်အလုပ်လုပ်ကိုင်ပါက တစ်နှစ်လျှင် ငွေကျပ် ၅၅ သိန်း ရမည်၊ လမ်းစရိတ်ကျခံပေးမည်၊ တစ်နှစ်ပြည့်လျှင် မြန်မာနိုင်ငံသို့ ပြန်လာ၍ ရမည်ဟု စည်းရုံးပြောဆို၍ မူဆယ်မြို့နေ ၎င်းတို့၏ သားဖြစ်သူ သိန်းဇော်ဝင်းထံ ပို့ဆောင်ခဲ့ကြောင်း၊ သိန်းဇော်ဝင်းက မူဆယ်မြို့ တရားမဝင် ခိုးပေါက်မှ တစ်ဆင့် တရုတ်နိုင်ငံ ဟောနန်မြို့ရှိ မငွေးငွေးနေအိမ်သို့ ပို့ဆောင်ခဲ့ရာ မငွေးငွေးမှ တရုတ်အမျိုးသား လော်ကွန်းထံ ငွေကျပ်သိန်း ၇၂၀ ဖြင့် ရောင်းစားခဲ့သည်။

တရုတ်အမျိုးသားက အဓမ္မပေါင်းသင်းနေထိုင်သဖြင့် သားတစ်ဦး မွေးဖွားခဲ့ရပြီး မကြာခဏရိုက်နှက်နှိပ်စက်သဖြင့် ထွက်ပြေးခဲ့ရာ တရုတ်ရဲတပ်ဖွဲ့ဝင်များ ဖမ်းဆီးခြင်းခံရပြီး မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း စိစစ်သိရှိရသဖြင့် အမျိုးသမီးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့ကြသူများကို အမှတ်(၇) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(ပုသိမ်)မှ ရဲအုပ် ဇော်ထက်အောင်က တရားလို ပြုလုပ်တိုင်တန်းခဲ့ရာ ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းနယ်မြေ ရဲစခန်း (ပ)၆၉/ ၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က) ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဒီဇင်ဘာ ၁၁ ရက်တွင် ပုသိမ်ခရိုင်တရားရုံးမှ ဖမ်းမိတရားခံ ဇော်ထိုက်(ခ)ဖိုးကွန်းနှင့် စန္ဒာဝင်းတို့ နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က) အရ အလုပ်နှင့် ထောင်ဒဏ်နှစ် ၂၀ စီကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ သိန်းဇော်ဝင်းနှင့် မငွေးငွေးတို့ နှစ်ဦးကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/ ၈၈ ထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးအရေးယူ

စစ်ကိုင်း ဒီဇင်ဘာ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး ဖမ်းဆီးအရေးယူထားသည်။ **(အပေါ်ပုံ)**

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၉ ရက် နံနက် ၁၁ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ညောင်ပင်ဇင်ကျေးရွာရှိ ကံတလူ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ စစ်ကိုင်းခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် စစ်ကိုင်းမြို့နယ်၊ ဇေယျာကွက်သစ်ရပ်ကွက်နေ ကျော်ထွန်း(၅၀)နှစ် မောင်းနှင်လာသည့် HONDA FIT ခဲရောင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ကျော်ထွန်းအား စစ်ကိုင်းမြို့မရဲစခန်းတွင် ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ဘိန်းစိုက်ခင်းများအား ဖျက်ဆီးရှင်းလင်း

ဟိုပုံး ဒီဇင်ဘာ ၁၃

ရှမ်းပြည်နယ်၊ ဟိုပုံးမြို့နယ်၊ ပင်လောင်းမြို့နယ်နှင့် လွိုင်လင်မြို့နယ်တို့၌ စုစုပေါင်းဘိန်းစိုက်ခင်း ၁၁၅ ဧကခန့် ဖျက်ဆီးခဲ့သည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၉ ရက် နံနက် ၈ နာရီ မိနစ် ၂၀ မှ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ အထိ ရှမ်းပြည်နယ်၊ ဟိုပုံးမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ်၊ နောင်လိုင်မူဖိတ်ကျေးရွာအုပ်စု၊ ပါခတ်ကျေးရွာအနောက်ဘက် နှစ်မိုင်ခန့်အကွာရှိ အမြင့် ၂ ပေခန့် ဘိန်းစိုက်ခင်း ၁၃ ဧကခန့်အား လည်းကောင်း၊ အလားတူ နံနက် ၈ နာရီ ၁၅ မိနစ်မှ ညနေ ၅ နာရီ ၅ မိနစ်အထိ ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ်၊ မွေးပြင်ကျေးရွာအုပ်စု၊ ကပ္ပတိန်ကျေးရွာအနောက်တောင်ဘက် နှစ်မိုင်ခန့်အကွာရှိ အမြင့် ၂ ပေခွဲခန့် ဘိန်းစိုက်ခင်း ၁၁ ဧကခန့်၊ ခနွဲကောက်ထိုကျေးရွာအနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာရှိ အမြင့် ၂ ပေခွဲခန့် ဘိန်းစိုက်ခင်း ၁၅ ဧကခန့်နှင့် ဝါးပြုံးကျေးရွာအနောက်မြောက်ဘက် တစ်မိုင်ခွဲခန့်အကွာရှိ အမြင့် ၂ ပေခွဲခန့် ဘိန်းစိုက်ခင်း ၁၆ ဧကခန့်တို့အားလည်းကောင်း၊ ထို့အတူ နံနက် ၉ နာရီ ၅၅ မိနစ်မှ ညနေ ၄ နာရီ မိနစ် ၂၀ အထိ လွိုင်လင်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ်၊ ဆင်ခြေဖုန်းကျေးရွာအုပ်စု၊ လုံအောင်ကျေးရွာအနောက်တောင်ဘက် နှစ်မိုင်ခန့်အကွာရှိ အမြင့် ၂ ပေခန့် ဘိန်းစိုက်ခင်း ၃၅ ဧကခန့်နှင့် စံဖူးကျေးရွာအနောက်တောင်ဘက် နှစ်မိုင်ခန့်အကွာရှိ အမြင့် ၂ ပေခန့် ဘိန်းစိုက်ခင်း ၂၅ ဧကခန့် တို့အား အသီးသီး ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



**မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်၊ မြောက်မင်းတည်းရပ်ကွက် မဲရုံများနှင့် မဲရုံပတ်ဝန်းကျင်နေအိမ်များ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ဒုဦးစီးမှူး ဦးမင်းကျော်ဟိန်းနှင့် တပ်ဖွဲ့ဝင်များက စစ်ဆေးဆောင်ရွက်ကြစဉ်။ (ကဆ)**



## မီးဘေးလုံခြုံရေး လိုက်လံစစ်ဆေး

တောင်တွင်းကြီး ဒီဇင်ဘာ ၁၃

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် မီးဘေးအန္တရာယ် ဖြစ်ပွားမှုမရှိစေရေးအတွက် ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးစောမောင်၏ ဦးဆောင်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက မဲရုံဖွင့်လှစ်မည့်နေရာများအနီးရှိ လူနေအိမ်များ၊ ကုန်စုံဆိုင်များနှင့် စားသောက်ဆိုင်များအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် လိုက်လံစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။**(အပေါ်ပုံ)**

အဆိုပါ မီးဘေးအန္တရာယ် လိုက်လံစစ်ဆေးခြင်းကို လက်ထောက်ဦးစီးမှူး ဦးဝေယံဖြိုး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင် လေးဦးတို့က မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မီးဘေးလုံခြုံရေးပစ္စည်းများ ကောင်းမွန်မှု ရှိ၊ မရှိ စစ်ဆေးခြင်းများ၊ မဲရုံများအား မီးဘေးအန္တရာယ်နှင့် အခြားသောမတော်တဆမှုများ မဖြစ်ပွားစေရေးနှင့် ဖြစ်ပွားလာပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်မည့် နည်းလမ်းများအား အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

**နောင်နောင်(မိသားနီးမြေ)**

## ရေနံစိမ်းများ ခိုးယူသယ်ဆောင်သူ အမျိုးသားနှစ်ဦးအား ဖမ်းဆီးအရေးယူ

မကွေး ဒီဇင်ဘာ ၁၃

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၌ ရေနံစိမ်းများ ခိုးယူသယ်ဆောင်သူ အမျိုးသားနှစ်ဦးအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၉ ရက် ညနေ ၄ နာရီ ၁၀ မိနစ်တွင် မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၊ အောက်ကျောင်းကျေးရွာအနီး ဧရာဝတီမြစ်အတွင်း၌ ရေနံစိမ်းများအား ခိုးယူ၍ စက်လှေဖြင့် တရားမဝင် သယ်ဆောင်နေကြောင်း သတင်းအရ အမှတ်(၂) ရေနံမြေလုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မကွေးမြို့နယ်၊ သဖန်းဆိပ်ကျေးရွာနေသူများဖြစ်သည့် တိုင်းချစ်(၅၂)နှစ်၊ ကျော်မြ (၃၇)နှစ်တို့အား စက်လှေတစ်စီး၊ ပလတ်စတစ်အကြည်အိတ်ဖြင့် ထည့်ထားသော ရေနံစိမ်းနှင့် ရေရောရာ ကိုးအိတ်၊ ဂါလန် ၉၀ ခန့်နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် တိုင်းချစ်နှင့် ကျော်မြတို့ နှစ်ဦးအား မင်းဘူးမြို့မရဲစခန်းတွင် ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*



# မြန်မာ့မီးရထားပိုင် ရထားသံလမ်းဆက်ပြား၊ သံလမ်းဆက်မူလီများနှင့် သံလမ်းထိန်းကလစ်များ ဖြုတ်ယူဖျက်ဆီးမှုကြောင့် မန္တလေး-ရန်ကုန်ရထားလမ်းပိုင်းအတွင်း မြို့ဟောင်းမှ သီလဝါခရီးစဉ်ပြေးဆွဲသောကုန်ရထားလမ်းချော်မှုဖြစ်ပွား

နေပြည်တော် ဒီဇင်ဘာ ၁၃

မန္တလေးတိုင်းဒေသကြီး မြို့ဟောင်းမှ ရန်ကုန်တိုင်းဒေသကြီး သီလဝါ ခရီးစဉ်အဖြစ် ယနေ့နံနက် ၁ နာရီ ၉ မိနစ်အချိန် စမုံဘူတာမှထွက်ခွာလာသည့် အမှတ်(၉၀၂) အစုန်ကုန်ရထားသည် နံနက် ၁ နာရီ ၁၈ မိနစ်၌ ဝမ်းတွင်းမြို့နယ် စမုံနှင့် သဲတောဘူတာအကြား မိုင်တိုင် အမှတ် (၃၂၇/၁၂-၁၁)ရှိ ပေ ၈၀ ကွန်ကရစ်ပေါင် တံတားအမှတ် ၆၈၇/A အရှေ့ဘက်တွင် မန္တလေးဘက်တံတား အဝင်ထိပ်နေရာနှင့် သံလမ်းဆက်အတွင်း အခြားတစ်နေရာ စုစုပေါင်း နှစ်နေရာရှိ ရထားသံလမ်း ဆက်ပြားနှင့် သံလမ်းဆက်မူလီ (Bolt &Nut) များ၊ ကွန်ကရစ်ဇလီဖားတုံးနှင့် သံလမ်းအား ချိတ်ဆက်သည့် သံလမ်းထိန်း ကလစ်များအား မသမာသူများက ရထားလမ်းချော်မှုဖြစ်ပွားစေရေး ယုတ်မာပက်စက်သောအကြံဖြင့် ဖြုတ်ယူဖျက်ဆီးခဲ့မှုကြောင့် လမ်းချော်ကျခဲ့သဖြင့် ရထားတွဲဆိုင်းပါ စက်ခေါင်းနောက် ၁၅ တွဲ မြောက်မှ ၁၇ တွဲမြောက်အထိ ကုန်အပြည့် တင်ဆောင်ထားသည့် အလုံပိတ်ကုန်တွဲ နှစ်တွဲနှင့် ဘရိတ်တွဲတစ်တွဲ လမ်းချော်ကျမှုဖြစ်ပွားခဲ့သည်။

ရထားလမ်းချော်ကျမှုကြောင့် စမုံ-သဲတော အစုန်ရထားလမ်းပိုင်းအား ယနေ့ နံနက် ၁ နာရီခွဲတွင် ယာယီပိတ်ထားခဲ့ရပြီး လမ်းချော်ကြသည့် တွဲသုံးတွဲကို မတင်ခြင်းဆောင်ရွက်ခဲ့ရာ ယနေ့မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် ပြီးစီးခဲ့ပြီး ပျက်စီးသွားသော ကွန်ကရစ်ဇလီဖားတုံးများ အစားထိုးတပ်ဆင်ခြင်းကို မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ပြီးစီးခဲ့သဖြင့် အမှတ်(၉၀၂) အစုန် ကုန်ရထားသည် မွန်းလွဲ ၂ နာရီခွဲတွင် သီလဝါသို့ ဆက်လက်ထွက်ခွာသွားကြောင်းနှင့် လမ်းပိုင်းကို ယနေ့မွန်းလွဲ ၂ နာရီ ၄၁ မိနစ်တွင် ပြန်လည်ဖွင့်လှစ်၍ ရထားများ ပုံမှန်အတိုင်း ပြေးဆွဲလျက်ရှိသည်။





ဝမ်းတွင်းမြို့နယ် စမုံနှင့် သဲတောဘူတာအကြား မိုင်တိုင်အမှတ် (၃၂၇/၁၂-၁၁)၌ သံလမ်းဆက်ပြား၊ မူလီများနှင့် သံလမ်းထိန်းကလစ်များကို အစုလိုက်ဖြုတ်ယူဖျက်ဆီးထားမှုမှတ်တမ်းဓာတ်ပုံ။



ဝမ်းတွင်းမြို့နယ် စမုံနှင့် သဲတောဘူတာအကြား မိုင်တိုင်အမှတ် (၃၂၇/၁၂-၁၁)၌ ကွန်ကရစ်ဇလီဖားတုံးများနှင့် သံလမ်းခင်းခြင်းဆောင်ရွက်ပြီးစီးသည့် မှတ်တမ်းဓာတ်ပုံ။



ဝမ်းတွင်းမြို့နယ် စမုံနှင့် သဲတောဘူတာအကြား မိုင်တိုင်အမှတ် (၃၂၇/၁၂-၁၁) ၌ အမှတ်(၉၀၂) အစုန်ကုန်ရထားလမ်းချော်မှုအား ပြန်လည်မတင်နေစဉ်။

အဆိုပါလုပ်ရပ်သည် ရထားစီးခရီးသွားပြည်သူများကို ထိခိုက်သေဆုံးနိုင်ပြီး ကုန်စည်ပို့ဆောင်မှုကိုပါ ထိခိုက်ပျက်စီးဆုံးရှုံးမှုကြီးမားစွာ ကြုံတွေ့ရနိုင်သည့် စက်ဆုပ် ရွံရှာဖွယ်ကောင်းသော လုပ်ရပ်တစ်ခု ဖြစ်သောကြောင့် ပြည်သူများအနေဖြင့် မသမာသူများ၏ လုပ်ရပ်အားတွေ့ရှိပါက ရထားမတော်တဆမှုများ ကာကွယ်နိုင်ရန် သက်ဆိုင်ရာသို့ အချိန်မီ အကြောင်းကြားသွားရန် လိုအပ်သည်။

ထို့ပြင် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေး လုပ်ငန်းဥပဒေ၊ အခန်း ၁၈၊ ပုဒ်မ ၇၉ (ဂ) အရ ရထားလမ်းရှိ ဇလီဖားတုံး၊ ရထားလမ်းနှင့် သက်ဆိုင်သည့် မည်သည့်ဆက်စပ်နေသော အရာဝတ္ထုကိုမဆို ဆွဲထုတ်ဖယ်ရှားခြင်း၊ ဖြေလျှော့ခြင်း၊ ရွှေ့ပြောင်းခြင်း (သို့မဟုတ်) ဖျက်ဆီးခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ (၈၄)အရ ထိုသူကို အနည်းဆုံး ၅ နှစ် မှ နှစ် ၂၀ အထိ မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်း ချမှတ်နိုင်ကြောင်းသိရှိရပြီး ယခုဖြစ်စဉ်နှင့် ပတ်သက်၍ အမှုဖွင့်လှစ်ထားရှိကာ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

သတင်းစဉ်



မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား မီးရှို့ဖျက်ဆီးနေမှုကို တွေ့ရစဉ်။




ကရင်ပြည်နယ် မြဝတီမြို့ K K Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးထားရှိမှုကို တွေ့ရစဉ်။

❖ စာမျက်နှာ ၂၄ မှ


ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် သုံးထပ်အဆောက်အအုံ တစ်လုံးနှင့် နှစ်ထပ်အဆောက်အအုံ ၁၄ လုံး စုစုပေါင်းတရားမဝင်အဆောက်အအုံ ၁၅ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၄၁၃ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ကရင်ပြည်နယ်၊ မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင် ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှ စတင်၍ ရှာဖွေရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း မြဝတီမြို့၊ အမှတ်(၅) ရပ်ကွက်အတွင်းရှိအဆောက်အအုံတစ်လုံးကို ထပ်မံစစ်ဆေးနိုင်ခဲ့ပြီး အဆိုပါအဆောက်အအုံအတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် All in One ကွန်ပျူတာအလုံး ၃၀ တို့ကို စစ်ဆေးဖော်ထုတ် သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား ထပ်မံ၍ အသုံးပြုနိုင်ခြင်းမရှိစေရန်အတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



မြဝတီမြို့ အမှတ်(၅) ရပ်ကွက်အတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ကွန်ပျူတာများ သိမ်းဆည်းရမိစဉ်။




## ဘောလုံးသတင်းအတိုအထွာများ

* ချဲလ်ဆီးအသင်း ကစားသမားဟောင်း အော်စကာသည် ကျန်းမာရေးပြဿနာကြောင့် ကစားသမားဘဝမှ အနားယူတော့မည် ဖြစ်သည်။

* မန်ယူအသင်းသည် မွန်တာရေးအသင်းနှင့် လမ်းခွဲခဲ့သည့် ဝါရင့်နောက်ခံကစားသမား ရာမို့စ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။ **(NGB)**

## ဘာစီလိုနာအသင်းတွင်သာ ကစားသမားဘဝကို ကုန်ဆုံးသွားလိုကြောင်း အဲရစ်ဂါဆီယာ ပြောကြား

**ဘာစီလိုနာ ဒီဇင်ဘာ ၁၃**

နောက်ခံကစားသမား အဲရစ်ဂါစီယာက မိမိအနေဖြင့် ဘာစီလိုနာအသင်းတွင်သာ ကစားသမားဘဝကို ကုန်ဆုံးသွားလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများအပြင် ဆော်ဒီကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက ဘာစီလိုနာအသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

နောက်ခံကစားသမား အဲရစ်ဂါစီယာသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၆ ပွဲကစားပြီး ခုနစ်ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၄)နှစ်အရွယ်ရှိ အဲရစ်ဂါစီယာက "ကျွန်တော် ဘာစီလိုနာအသင်းမှာ ပျော်ရွှင်နေပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားမှာပါ။ ဒီအသင်းနဲ့အတူ ယခုနှစ် ဘောလုံးရာသီ စပိန်လာလီဂါ ချန်ပီယံဆု အပါအဝင် အခြား ဆုဖလားများစွာကိုလည်း ရယူသွားဦးမှာပါ"ဟု ပြောသည်။ **(အောက်ပုံ)(NGB)**



## အီလီယော့အန်ဒါဆန်၏ ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၁၀၀ အထိ နော်တင်ဟမ်ဖောရက်စ်အသင်း အလိုရှိ

**လန်ဒန် ဒီဇင်ဘာ ၁၃**

နော်တင်ဟမ်ဖောရက်စ်အသင်းသည် အသင်းကွင်းလယ်ကစားသမား အီလီယော့အန်ဒါဆန်၏ ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၁၀၀ အထိ အလိုရှိနေသည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ချဲလ်ဆီးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်ကစားသမား အီလီယော့အန်ဒါဆန်သည် နော်တင်ဟမ်ဖောရက်စ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ပွဲ ၂၀ ကစားကာ တစ်ဂိုးသွင်းယူထားသည်။

နော်တင်ဟမ်ဖောရက်စ်အသင်းကလည်း အီလီယော့အန်ဒါဆန်ကို ၎င်းတို့အလိုရှိသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည် ဖြစ်သည်။

ထို့ကြောင့် ချဲလ်ဆီးအသင်းအနေဖြင့် နော်တင်ဟမ်ဖောရက်စ်အသင်းက အလိုရှိသည့် ပြောင်းရွှေ့ကြေးအား ပေးချေပြီး အီလီယော့အန်ဒါဆန်ကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ)**
**(NGB)**




## နိုဝင်ဘာလအတွက် အင်္ဂလိပ်ချန်ပီယံရှစ် တစ်လတာအကောင်းဆုံးနည်းပြဆုကို ဖရန့်လမ်းပတ် ဆွတ်ခူး

**လန်ဒန် ဒီဇင်ဘာ ၁၃**

အင်္ဂလိပ်ချန်ပီယံရှစ်မှ လစဉ်လတိုင်း ပေးအပ်ချီးမြှင့်လျက်ရှိသည့် နိုဝင်ဘာလအတွက် တစ်လတာအကောင်းဆုံး နည်းပြဆုကို ကိုဗင်ထရီအသင်းနည်းပြ ဖရန့်လမ်းပတ်က ဆွတ်ခူးခဲ့သည်။

အဆိုပါ နည်းပြသည် ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက ကိုဗင်ထရီအသင်းအား အင်္ဂလိပ်ချန်ပီယံရှစ်ပွဲစဉ် ငါးပွဲကိုင်တွယ်ပြီး ရာနှုန်းပြည့်နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

နည်းပြ ဖရန့်လမ်းပတ်သည် ကိုဗင်ထရီအသင်းကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်က ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၅၅ ပွဲတွင် ပွဲ ၃၀ နိုင်၊ ၁၁ ပွဲသရေ၊ ၁၄ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။




အသက်(၄၇)နှစ်အရွယ်ရှိ နည်းပြ ဖရန့်လမ်းပတ်က "ကျွန်တော် အခုလို တစ်လတာအတွက် အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီဆုကို အခုလို ရရှိတာကလည်း အသင်းကစားသမားတွေရဲ့ ကြိုးစားမှုကြောင့်ပါ"ဟု ပြောသည်။ **(အပေါ်ပုံ)**
**(NGB)**

### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၆) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | | ယမန်နှစ်ရလဒ် | | | |
|---|---|---|---|---|---|---|
| ၁၄-၁၂-၂၀၂၅ | (၄)ပဲလေ့စ် - | မန်စီးတီး(၂) | ပဲလေ့စ် | ၂-၂ | မန်စီးတီး | |
| ညဥ-၃၀နာရီ | (L,L,W,W,W) | (L,W,W,W,W) | မန်စီးတီး | ၅-၂ | ပဲလေ့စ် | |
| ။ | (၁၇)နော်တင်ဟမ်- | စပါး(၁၁) | နော်တင်ဟမ် | ၁-၀ | စပါး | |
| | (W,L,W,L,W) | (L,L,D,W,W) | စပါး | ၁-၂ | နော်တင်ဟမ် | |
| ။ | (၉)ဆန်းဒါးလန်း - | နယူးကာဆယ်(၁၂) | ဆန်းဒါးလန်း | ၃-၀ | နယူးကာဆယ် | ၂၀၁၅-၁၆ |
| | (D,L,W,D,L) | (L,W,D,W,D) | နယူးကာဆယ် | ၁-၁ | ဆန်းဒါးလန်း | |
| ။ | (၁၈)ဝက်စ်ဟမ်း - | အေဗီလာ(၃) | ဝက်စ်ဟမ်း | ၁-၂ | အေဗီလာ | |
| | (W,D,L,D,D) | (W,W,W,W,W) | အေဗီလာ | ၁-၁ | ဝက်စ်ဟမ်း | |
| ၁၄-၁၂-၂၀၂၅ | (၁၄)ဘရန့်ဖို့ဒ် - | လီဒ်စ်(၁၆) | ဘရန့်ဖို့ဒ် | ၅-၂ | လီဒ်စ် | |
| ည၁၁း၀၀နာရီ | (W,L,W,L,L) | (L,L,L,W,D) | လီဒ်စ် | ၀-၀ | ဘရန့်ဖို့ဒ် | |

### အရှေ့တောင်အာရှအားကစားပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ် နိုင်ကမ္ဘာ

| | | | |
|---|---|---|---|
| ၁၄-၁၂-၂၀၂၅ ညနေ ၃း၃၀ နာရီ | ဗီယက်နမ် | - | အင်ဒိုနီးရှား |
| ၁၄-၁၂-၂၀၂၅ ညနေ ၆း၀၀ နာရီ | ထိုင်း | - | ဖိလစ်ပိုင် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၆) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | | ယမန်နှစ်ရလဒ် | | | |
|---|---|---|---|---|---|---|
| ၁၄-၁၂-၂၀၂၅ | (၁၃)ဆီဗီလာ - | အိုဗီဒို(၁၉) | ------ | | | |
| ည၇း၃၀နာရီ | (W,L,L,W,D) | (D,L,D,L,D) | | | | |
| ၁၄-၁၂-၂၀၂၅ | (၅)ဆဲလ်တာဗီဂို - | ဘီလ်ဘာအို(၁၀) | ဆဲလ်တာဗီဂို | ၁-၂ | ဘီလ်ဘာအို | |
| ည၉း၄၅နာရီ | (L,L,W,W,L) | (D,W,L,W,D) | ဘီလ်ဘာအို | ၃-၁ | ဆဲလ်တာဗီဂို | |
| ၁၅-၁၂-၂၀၂၅ | (၂၀)လီဗန်တေး - | ဗီလာရီးရဲလ်(၃) | လီဗန်တေး | ၂-၀ | ဗီလာရီးရဲလ် | |
| နံနက်၀၀း၀၀နာရီ | (L,L,L,W,L) | (L,W,W,W,L) | ဗီလာရီးရဲလ် | ၅-၀ | လီဗန်တေး | ၂၀၂၂-၂၃ |
| ၁၅-၁၂-၂၀၂၅ | (၁၁)အလာဗက်စ် - | ရီးရဲလ်မက်ဒရစ်(၂) | အလာဗက်စ် | ၀-၁ | ရီးရဲလ်မက်ဒရစ် | |
| နံနက်၀၂း၃၀နာရီ | (L,L,L,W,W) | (W,D,W,L,L) | ရီးရဲလ်မက်ဒရစ် | ၃-၂ | အလာဗက်စ် | |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၆) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | | ယမန်နှစ်ရလဒ် | | | |
|---|---|---|---|---|---|---|
| ၁၄-၁၂-၂၀၂၅ | (၅)လိုင်ယွန် - | လီဟာဗေး(၁၅) | လိုင်ယွန် | ၄-၂ | လီဟာဗေး | |
| ည၈း၃၀နာရီ | (D,W,W,L,W) | (D,D,L,L,D) | လီဟာဗေး | ၀-၄ | လိုင်ယွန် | |
| ၁၄-၁၂-၂၀၂၅ | (၁၆)အော်ဇေး - | လိုင်လီ(၄) | အော်ဇေး | ၀-၀ | လိုင်လီ | |
| ည၁၀း၄၅နာရီ | (L,L,D,D,W) | (W,W,W,W,L) | လိုင်လီ | ၃-၁ | အော်ဇေး | |
| ။ | (၁)လန်းစ် - | နိုက်စ်(၁၂) | လန်းစ် | ၀-၀ | နိုက်စ် | |
| | (W,W,W,W,W) | (L,L,L,L,L) | နိုက်စ် | ၂-၀ | လန်းစ် | |
| ။ | (၈)စထရာဘော့ - | လိုရီယန့်(၁၃) | စထရာဘော့ | ၁-၃ | လိုရီယန့် | |
| | (L,W,L,L,W) | (L,D,D,W,W) | လိုရီယန့် | ၁-၂ | စထရာဘော့ | ၂၀၂၃-၂၄ |
| ၁၅-၁၂-၂၀၂၅ | (၃)မာဆေးလ် - | မိုနာကို(၇) | မာဆေးလ် | ၂-၁ | မိုနာကို | |
| နံနက်၀၂း၁၅နာရီ | (W,W,D,L,W) | (L,D,W,L,W) | မိုနာကို | ၃-၀ | မာဆေးလ် | |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | | ယမန်နှစ်ရလဒ် | | |
|---|---|---|---|---|---|
| ၁၄-၁၂-၂၀၂၅ | (၉)ဖရိုင်းဘတ် - | ဒေါ့မွန်(၃) | ဖရိုင်းဘတ် | ၁-၄ | ဒေါ့မွန် |
| ည၉း၀၀နာရီ | (D,W,W,L,W) | (W,W,L,W,D) | ဒေါ့မွန် | ၄-၀ | ဖရိုင်းဘတ် |
| ၁၄-၁၂-၂၀၂၅ | (၁)ဘိုင်ယန်မြူးနစ်- | မိန့်ဇ်(၁၈) | ဘိုင်ယန်မြူးနစ် | ၃-၀ | မိန့်ဇ် |
| ည၁၁း၀၀နာရီ | (L,W,W,W,W) | (D,L,L,L,D) | မိန့်ဇ် | ၂-၁ | ဘိုင်ယန်မြူးနစ် |
| ၁၅-၁၂-၂၀၂၅ | (၁၁)ဝါဒါဘရီမင် - | စတုဂတ်(၆) | ဝါဒါဘရီမင် | ၂-၂ | စတုဂတ် |
| နံနက်၀၁း၀၀နာရီ | (D,W,L,D,L) | (W,L,W,L.W) | စတုဂတ် | ၁-၂ | ဝါဒါဘရီမင် |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | | ယမန်နှစ်ရလဒ် | | | |
|---|---|---|---|---|---|---|
| ၁၄-၁၂-၂၀၂၅ | (၁)အေစီမီလန် - | ဆက်ဆူအိုလို(၈) | အေစီမီလန် | ၁-၀ | ဆက်ဆူအိုလို | |
| ညနေ၆း၀၀နာရီ | (D,W,W,L,W) | (L,W,D,L,W) | ဆက်ဆူအိုလို | ၃-၃ | အေစီမီလန် | ၂၀၂၂-၂၀၂၃ |
| ၁၄-၁၂-၂၀၂၅ | (၂၀)ဗီအိုရင်တီးနား - | ဗီရိုနာ(၁၉) | ဗီအိုရင်တီးနား | ၃-၁ | ဗီရိုနာ | |
| ည၈း၃၀နာရီ | (D,L,L,L,W) | (L,D,L,L,W) | ဗီရိုနာ | ၁-၀ | ဗီအိုရင်တီးနား | |
| ။ | (၁၁)အူဒီးနီစ် - | နာပိုလီ(၂) | အူဒီးနီစ် | ၁-၃ | နာပိုလီ | |
| | (W,L,W,L,L) | (W,W,W,W,L) | နာပိုလီ | ၁-၁ | အူဒီးနီစ် | |
| ၁၄-၁၂-၂၀၂၅ | (၁၄)ဂျီနိုအာ - | အင်တာမီလန်(၃) | ဂျီနိုအာ | ၂-၂ | အင်တာမီလန် | |
| ည၁၁း၃၀နာရီ | (D,D,W,L,W) | (L,W,W,W,L) | အင်တာမီလန် | ၁-၀ | ဂျီနိုအာ | |
| ၁၅-၁၂-၂၀၂၅ | (၅)ဘိုလော့ဂ်နာ - | ဂျူဗင်တပ်(၇) | ဘိုလော့ဂ်နာ | ၁-၁ | ဂျူဗင်တပ် | |
| နံနက်၀၂း၁၅နာရီ | (W,L,W,D,W) | (W,W,W,L,W) | ဂျူဗင်တပ် | ၂-၂ | ဘိုလော့ဂ်နာ | |

# စိန့်ဂျိုးဇက်ကွန်ဗင့်နှင့် အ-ထ-က(၈) ကျောင်းသူဟောင်းများ အကြိမ်(၃၀)မြောက် အာစရိယပူဇော်ပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၃**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအနောက်ရပ်ကွက်ရှိ စိန့်ဂျိုးဇက်ကွန်ဗင့်နှင့် အ·ထ·က(၈)ကျောင်းသူဟောင်းများ၏ အကြိမ်(၃၀)မြောက် အာစရိယပူဇော်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ချမ်းအေးသာစံမြို့နယ်၊ အနောက်မြို့ပတ်လမ်း၊ ၃၁(ဘီ)လမ်းရှိ ကြင်တောယန်ဘုရားကျောင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ကန်တော့ခံဆရာမကြီးများ၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပြီး အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြား၍ အတွင်းရေးမှူးက ကန်တော့ချီးတိုင်ပေးကာ ဆရာမကြီးများအား ကန်တော့ကြပြီး ကန်တော့ငွေများ ပေးအပ်ကြသည်။



အာစရိယပူဇော်ပွဲတွင် အသက်(၈၀)နှစ်အထက် ဆရာမကြီး ၄၀ ဦးအား ငွေကျပ် ကိုးသိန်းစီကိုလည်းကောင်း၊ အသက်(၇၅)နှစ်အထက် ဆရာမကြီးတစ်ဦးလျှင် ငွေကျပ် ရှစ်သိန်းစီကိုလည်းကောင်း၊ အသက်(၇၀)နှစ်အထက် ဆရာမကြီးတစ်ဦးလျှင် ငွေကျပ် ခုနစ်သိန်းစီကိုလည်းကောင်း၊ အသက်(၆၅)နှစ်အထက် ဆရာမကြီးတစ်ဦးလျှင် ငွေကျပ် ငါးသိန်းစီကိုလည်းကောင်း၊ အသက်(၆၂)နှစ်အထက် ဆရာမတစ်ဦးလျှင် ငွေကျပ် လေးသိန်းစီကိုလည်းကောင်း၊ အ·ထ·က (၈)တွင် နှစ်(၃၀) တစ်ဆက်တည်း တာဝန်ထမ်းဆောင်ခဲ့သော အသက်(၇၀)နှစ်အထက် ဆရာမကြီး ရှစ်ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းစီ ထပ်ဆောင်းကန်တော့ခဲ့ပြီး စုစုပေါင်းကန်တော့ငွေကျပ် ၁၁၃၁ သိန်းဖြစ်ကြောင်း သိရသည်။ (ဝဲပုံ) (၀၄၅)



# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ဆောင်ရွက်

**မန္တလေး ဒီဇင်ဘာ ၁၃**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေပြီး ဗဟုသုတများစွာ ရရှိစေရန်အတွက် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောပွဲကို လူထုအခြေပြုဗဟိုဌာန၌ ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က "ကလေးငယ်များ၏ ပညာရေး၊ ဘဝရှေ့ရေးနှင့် စိတ်ပိုင်းဆိုင်ရာ ခံစားချက်များကို ထိခိုက်စေနိုင်သည့် အကြောင်းအရာများ၊ အဆိုပါ ကလေးအလုပ်သမားပပျောက်ရေး ပထမ(၅)နှစ် စီမံချက် ရည်မှန်းချက်များ" စသည့် မှတ်သားဖွယ်ရာ အကြောင်းအရာများကို ပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ချမ်းမြေ့မောင်(ချမ်း/စံ)

# မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်အကြောင်း သိကောင်းစရာများအား ပြောကြား

**မန္တလေး ဒီဇင်ဘာ ၁၃**

မန္တလေး နိုင်ငံခြားဘာသာ တက္ကသိုလ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်အကြောင်း သိကောင်းစရာများအား ပြောကြားခြင်းကို ဒီဇင်ဘာ ၁၀ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မန္တလေး နိုင်ငံခြားဘာသာ တက္ကသိုလ် သီရိရတနာခန်းမတွင် ကျင်းပသည်။ (ဝဲပုံ)



အခမ်းအနား၌ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်တင့်က အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၂)တက္ကသိုလ် လေ့ကျင့်ရေးတပ်မှ တပ်မှူးနှင့်တပ်ဖွဲ့ဝင်များက တက္ကသိုလ်လေ့ကျင့်ရေးတပ်အကြောင်း သိကောင်းစရာများနှင့် စခန်းချလေ့ကျင့်ရေး အတွေ့အကြုံများကို ပြောကြားခဲ့ကြောင်းနှင့် အခမ်းအနားသို့ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ တင့်တင့်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ စီမံအရာရှိများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၄၈၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)



# အကြိမ်(၃၀)မြောက် ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ဖွယ်ရာများ လှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၁၃**

ရဲမွန်တောင်ရပ်ကွက်အတွင်းရှိ ဘိုးဘွားများနှင့် ချို့တဲ့အိမ်ထောင်စုများအား အကြိမ်(၃၀)မြောက် ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ဖွယ်ရာများ လှူဒါန်းခြင်းကို ယနေ့နံနက် ၉ နာရီက မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ပြုလုပ်ခဲ့သည်။

အဆိုပါထောက်ပံ့ပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်၊ အဖွဲ့ဝင် ဗိုလ်မှူး ဆွေလွင်အောင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ဦးနှင့် ရပ်မိ၊ ရပ်ဖများ တက်ရောက်ကြသည်။ (အပေါ်ပုံ)

ထောက်ပံ့ပွဲ တက်ရောက်လာသူများအား မုန့်ဟင်းခါး ကျွေးမွေးလှူဒါန်းပြီး သက်ကြီးဘိုးဘွား ၃၀ ဦးအား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှင့် အနွေးစောင်တစ်ထည်၊ ခေါင်းစွပ်၊ ခြေအိတ်တစ်ထည်စီနှင့် ရပ်ကွက်ပြည်သူအိမ်ထောင်စု ၇၀ စုတို့အား ထောက်ပံ့ငွေကျပ် ၁၀၀၀၀ စီနှင့် ဆန်နှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀ လုံး၊ ကြက်သွန်နီ ၅၀ ကျပ်သား၊ ဆားတစ်ထုပ်၊ ဆပ်ပြာခရင်မ်တစ်ဘူးတို့ကို ထောက်ပံ့ခဲ့ကြောင်း သိရသည်။ (မန္တလေးနေ့စဉ်-၆)

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်၊ ကလောမြို့နှင့် အောင်ပန်းမြို့၌ မြို့သာယာလှပရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ကလောမြို့နယ် စည်ပင်သာယာရေးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လပတ်အတွင်း မြို့သာယာလှပရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ကလောမြို့၊ အောင်ပန်းမြို့၊ မြို့ဝင်ဆိုင်းဘုတ်များအား ဆေးသုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအား ကလောမြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (ကဆ)




# ပြည်တွင်းဝယ်လိုအားကောင်းလာခြင်းကြောင့် မတ်ပဲဈေးနှုန်း မြင့်တက်လာ

**မန္တလေး ဒီဇင်ဘာ ၁၃**

ပြည်ပပို့ကုန်မတ်ပဲသီးနှံကို ဒီဇင်ဘာလ ပထမပတ်မှ စတင်၍ ပြည်တွင်းသိုလှောင်သူများနှင့် ကုန်သည်များ ဝယ်ယူမှုကောင်းမွန်ခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ဈေးနှုန်းမြင့်တက်လာကြောင်း မန္တလေးပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းက သိရသည်။

ဒီဇင်ဘာ ၁ ရက်က မန္တလေးကုန်စည်ဒိုင်တွင် မတ်ပဲ(အသစ်) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀၀၊ (အဟောင်း)မှာ ငွေကျပ် ၂၄၅၀၀၀ သာရှိခဲ့ပြီး ဒီဇင်ဘာ ၁၀ ရက်က (အသစ်) ငွေကျပ် ၂၃၅၀၀၀-၂၄၀၀၀၀၊ (အဟောင်း) ငွေကျပ် ၂၅၅၀၀၀-၂၆၀၀၀၀ သို့ မြင့်တက်လာခဲ့သည်။

လက်ရှိဈေးကွက်အတွင်း၌ မိုးမတ်ပဲအသစ်များ ဝင်ရောက်မှုရှိနေသော်လည်း ပြည်တွင်းသိုလှောင်သူများက ဝယ်ယူမှုကောင်းနေခြင်း၊ ပြည်ပနိုင်ငံများသို့လည်း အနည်းငယ်တင်ပို့မှုရှိနေခြင်းတို့ကြောင့် ယခုကဲ့သို့ ဈေးနှုန်းမြင့်တက်လာခြင်းဖြစ်သည်။



"အခုကသိုလှောင်သူတွေနဲ့ ကုန်သည်တွေက သိသိသာသာ လိုက်လံဝယ်ယူတဲ့အတွက် ဈေးနှုန်းက အခုရက်ပိုင်းအတွင်း မြင့်တက်လာပါတယ်။ ဝယ်ယူမှုကောင်းတဲ့အတွက် ဈေးနှုန်းကတော့ အခုထက် နည်းနည်းမြင့်တက်နိုင်ခြေရှိပါတယ်။ သိသိသာသာ မြင့်တက်ဖို့တော့ မရှိနိုင်ဘူးလို့ သုံးသပ်ပါတယ်"ဟု အဆိုပါအသင်းက ကုန်သည်တစ်ဦးက ပြောသည်။ (ဝဲပုံ)

မတ်ပဲဈေးနှုန်းများမှာ နိုဝင်ဘာ တတိယပတ်မှစတင်၍ ဈေးကွက်လှုပ်ရှားလာပြီး လက်ရှိတွင် နယ်ပယ်ပေါင်းစုံက မန္တလေးဈေးကွက်အတွင်းသို့ မတ်ပဲဝင်ရောက်မှု နည်းပါးလျက်ရှိကြောင်း၊ ဈေးကွက်အတွင်း နှစ်စဉ် ဖေဖော်ဝါရီလမှသာ လှိုင်လှိုင်ဝင်ရောက်မှုရှိသည်။

မတ်ပဲကို ဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် အခြားသောနယ်ပယ်ဒေသများတွင် စိုက်ပျိုးကြကြောင်း၊ မတ်ပဲ(အသစ်)များမှာ ဖေဖော်ဝါရီနှင့် မတ်လ တွင် လှိုင်လှိုင်ထွက်ရှိပြီး အိန္ဒိယနိုင်ငံသို့ အဓိက တင်ပို့ရောင်းချကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)

## မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (ပြင်ဦးလွင်)အသင်းသားများနှင့်ဗဟိုဥက္ကဋ္ဌတို့တွေ့ဆုံပွဲ ပြုလုပ်

**ပြင်ဦးလွင် ဒီဇင်ဘာ ၁၃**

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း ပြင်ဦးလွင်ခရိုင်၊ မြို့နယ်အတွင်းရှိ အသင်းသားများနှင့် ဗဟိုဥက္ကဋ္ဌ ဦးခင်မောင်သန်းတို့ တွေ့ဆုံပွဲကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီက နဝရတ်လမ်း၊ ရပ်ကွက်ကြီး(၁၀)၊ ခါတော်မှီ ခမ္ဘာရုံ၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ ပြင်ဦးလွင်ခရိုင် အသင်း၏ နာယကကြီးများ၊ ဥက္ကဋ္ဌ ဦးရဲလတ်နှင့် အသင်းသား အသင်းဝင်များ၊ အိမ်ခြံမြေရောင်းဝယ်မှုဆိုင်ရာ စိတ်ဝင်စားသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ဦးစစ်အောင် နာယက(၃)က နှုတ်ခွန်းဆက်စကားပြောကြားကာ ဗဟိုဥက္ကဋ္ဌက မိတ်ဆက်စကား ပြောကြားခဲ့သည်။ ဆက်လက်၍ ပြင်ဦးလွင်ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားပြီး တက်ရောက်လာသူများက မိမိတို့သိလိုသည်များကို အသီးသီး မေးမြန်းကြသည်။

အိမ်ခြံမြေဝန်ဆောင်မှုအသင်း (ပြင်ဦးလွင်)အနေဖြင့် အသင်းသားများနှင့် ဒေသခံပြည်သူ အသိပညာတိုးပွားစေရန် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သိကောင်းစရာများ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှု၊ ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲများနှင့် ကိုဗစ်-၁၉ ကာလအတွင်း အများပြည်သူတို့၏ အခက်အခဲကို ကူညီသည့်အနေ



ဖြင့် လှူဒါန်းထောက်ပံ့ပေးအပ်မှုများကို လုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

## ရောမင်း မိုးစပါး စံကွက်ရိတ်သိမ်း၊ တစ်ဧက အစိုအထွက် ၁၃၉ တင်းထွက်ရှိ

**မန္တလေး ဒီဇင်ဘာ ၁၃**

မန္တလေး၊ အမရပူရမြို့နယ်၊ တမုတ်ဆိုးကျေးရွာရှိ တောင်သူ ဦးအောင်မျိုးထွန်း၏ ကွင်းအမှတ် (၅၇၀-၁)၊ ဦးပိုင်အမှတ် (၆၃/၁)၊ ပေါက်အင်းကွင်းရှိ ရောမင်း မိုးစပါး စိုက်ဧက ၃ ဒသမ ၁၈ ဧကကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၉ နာရီက အမရပူရမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်၍ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ပြုလုပ်ခဲ့သည်။

မိုးစပါး စံကွက်ရိတ်သိမ်းပွဲသို့ အမရပူရခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်း၊ အမရပူရမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ဦး၊ အမရပူရမြို့နယ် စိုက်ပျိုးရေးကြီးကြပ်ကော်မတီဝင်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသောတောင်သူများ တက်ရောက်ခဲ့ကြသည်။

တက်ရောက်လာသော ဌာနဆိုင်ရာများနှင့် တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးလှိုင်က ရောမင်းမိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ယခုရိတ်သိမ်းသော မိုးစပါးစံကွက်တွင် တစ်ဧကေ အစို ၁၃၉ တင်း ထွက်ရှိကြောင်း သိရသည်။

**(ဝ၈၄)**

## ဆောင်ရွက်ပြီး ရေပေးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**တံတားဦး ဒီဇင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ချောင်းပတ်ကျေးရွာ၌ရေရှိရေး လုပ်ငန်းများ လုပ်ငန်းလည်ပတ်မှုအခြေအနေများကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်



ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်း၊ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စု၊ ခရိုင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများ၊ ကျေးရွာကော်မတီဝင်များနှင့်အတူ ရေရှိရေးလုပ်ငန်းများ လုပ်ငန်းလည်ပတ်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ရေပေးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။ **(ဓါတ်ပုံ)**

အဆိုပါ ချောင်းပတ်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ၁၉ ဒသမ ၉၃၀ သန်းဖြင့် ၄ လက်မ ခွဲစက်ရေတွင်းအနက် ပေ ၅၀၊ ငါးပေါက်တွင်း စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း၊ ပေ ၃၀၀ မီးကြိုးသွယ်တန်းခြင်း၊ လျှပ်စစ်မီတာတပ်ဆင်ခြင်း၊ အလျား ၁၂ပေ၊ အနံ ၆ ပေ၊ အမြင့် ၅ ပေ၊ ဂါလန် ၂၀၀၀ ဆံ့ရေကန်တည်ဆောက်ခြင်း၊ အလျား ၅ ပေ၊ အနံ ၅ပေ၊ အမြင့် ၇ပေ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းနှင့် ၂ လက်မ PVC ပိုက်လိုင်း အရှည် ပေ ၁၈၀၀ သွယ်တန်းခြင်းလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး အဆိုပါ ရေပေးရေး လုပ်ငန်းများ ပုံမှန်လည်ပတ်လျက်ရှိကြောင်း သိရသည်။ **အောင်ရဲကျော်**

# ဆန်းသစ်တီထွင် ကမ္ဘာတစ်ခွင်



## တရုတ်ဂြိုဟ်တုက အာကာသထဲမှ ဒေတာတွေ ပို့နိုင်ပြီ

ပီကင်းတက္ကသိုလ်နဲ့ တရုတ်သိပ္ပံပညာအကယ်ဒမီက သုတေသနပညာရှင်တွေ ဦးဆောင်ပြီး ကမ္ဘာမြေအထက် ကီလိုမီတာ ၃၆၀၀၀ ကနေ 2 Watt အားလေဆာကိုသုံးပြီး ဒေတာကို 1 Gbps မြန်နှုန်းနဲ့ ဒေတာတွေကို အောင်မြင်စွာ ပေးပို့နိုင်ခဲ့ပါတယ်။ ဒီစမ်းသပ်မှုက တရုတ်နိုင်ငံ အနောက်တောင်ပိုင်းက လီ ကျန်းစောင့်ကြည့်လေ့လာရေးစခန်းမှာ စမ်းသပ်ခဲ့တာဖြစ်ပါတယ်။

အဆိုပါ လေဆာနည်းပညာသုံး ဒေတာပေးပို့မှုက ရေဒီယိုလှိုင်းသုံး Starlink ထက် ပါဝါအား သက်သာမှုရှိပြီး ဂြိုဟ်တုအစုအဝေးမလိုဘဲ ပေးပို့နိုင်ခဲ့တာပါ။ ကမ္ဘာ့အနိမ့်ပတ်လမ်း LEO မှာ Starlink ရဲ့ ပျမ်းမျှဒေတာ ပေးပို့နှုန်းက 200 Mbps ဖြစ်လို့ အခုစမ်းသပ်မှု က ငါးဆ ပိုမိုမြန်ဆန်တယ်လို့ ဆိုရမှာပါ။

LEO က ကမ္ဘာပေါ်ကနေ ကီလိုမီတာ ၁၆၀၀ကနေ ၂၀၀၀ အတွင်း လည်ပတ်နေတာဖြစ်ပြီး တရုတ်ပညာရှင်တွေ စမ်းသပ်ခဲ့တာက ကမ္ဘာ့မြေမျက်နှာပြင်ရဲ့ အထက် ကီလိုမီတာ ၃၆၀၀၀ ကနေ ဒေတာပို့လွှတ် စမ်းသပ်ခဲ့တာပါ။ Interesting Engineering ရဲ့ ဆန်းစစ်ချက်အရ System က အသုံးပြုနိုင်တဲ့ အချက်ပြ Signal rate မှာ ၇၂ ရာခိုင်နှုန်းကနေ ၉၁ ရာခိုင်နှုန်း တိုးလာတယ်လို့ သိရပါတယ်။

**(ATK)**


## Xiaomi က လူတူစက်ရုပ်တွေ အကြီးအကျယ် သုံးတော့မည်

AI နည်းပညာနဲ့ ပုံဖော်မယ့် စက်မှုလုပ်ငန်းတွေမှာ လူတူစက်ရုပ် (Humanoid)တွေက အဓိကကျလာတော့မှာပါ။ Xiaomi ကတော့ နောက်ငါးနှစ်အတွင်း သူ့စက်ရုံတွေမှာ လူတူစက်ရုပ်တွေ အကြီးအကျယ်သုံးဖို့ ပြင်ဆင်နေပါပြီ။ Xiaomi ရဲ့ လျှပ်စစ်ကားစက်ရုံမှာ အပြောင်းအလဲ စတင်လုပ်ဆောင်နေပြီး အရင်က လူသားများကြီးကြပ်စစ်ဆေးတဲ့ အပိုင်းနဲ့ ဘော်ဒီပုံလောင်းတဲ့ အပိုင်းတွေမှာ AI Vision model နဲ့ စစ်ဆေးလာတာဖြစ်ပါတယ်။ လူနဲ့သာလုပ်ဆောင်ရင် အချိန်ပေးရသလို အမှားအယွင်းဖြစ် နိုင်ခြေများပါတယ်။

X-Ray တပ်ပြီး AI နဲ့ စစ်ဆေးတာက လူကိုယ်တိုင်စစ်ဆေးတာထက် ဆယ်ဆပိုမြန်ပြီး တိကျမှန်ကန်မှု ငါးဆပိုမြင့်တယ်လို့ Xiaomi CEO က ပြောကြားထားပြီး ရှေ့လာမယ့် ပင်မထုတ်လုပ်ရေးလုပ်ငန်းစဉ်တွေမှာ AI ကို ပိုသုံးလာတော့မှာ ဖြစ်သလို AI နဲ့အတူ လူတူစက်ရုပ်(Humanoid)တွေ အများကြီးသုံးဖို့ စီစဉ်နေတယ်လို့ ဆိုပါတယ်။ ဒီစက်ရုပ်တွေက အလိုအလျောက် ထုတ်လုပ်ရေးလုပ်နေမှာဖြစ်သလို လုပ်အားလည်း ပိုမိုထိရောက်မှုရှိတာကြောင့် အိမ်သုံးအထိဖြစ်လာဖို့ မျှော်မှန်းထားကြောင်း သိရပါတယ်။

**(ATK)**





## ငါးမန်းစက်ရုပ်တွေနဲ့ ကမ္ဘာ့ရေအောက်ကေဘယ်လ်တွေကို စောင့်ရှောက်မည်

ကမ္ဘာ့အင်တာနက်လိုင်းတွေကို ပင်လယ်သမုဒ္ဒရာရေ အောက်ကနေ သွယ်တန်းထားကြတာပါ။ ကမ္ဘာ့အင်တာနက် အသုံးပြုမှု ၉၅ ရာခိုင်နှုန်းကို ပံ့ပိုးပေးနေတဲ့ ရေအောက် ကေဘယ်လ်ကြိုးတွေ ဖျက်ဆီးခံလိုက်ရရင် ကမ္ဘာကြီးတစ်ခုလုံး အမှောင်ကျသွားနိုင်ပါတယ်။ ဒီအန္တရာယ်ကို ကာကွယ်ဖို့အတွက် ဂျာမန်ကုမ္ပဏီ Euroatlas က "Greyshark" လို့ခေါ်တဲ့ အဆင့်မြင့် ငါးမန်းစက်ရုပ်ကို မိတ်ဆက်ပေးလိုက်တာ ဖြစ်ပါတယ်။ ဒီစက်ရုပ်တွေက ရေအောက်အင်တာနက်ကေဘယ်လ်ကြိုးတွေကို ဘေးကင်းအောင် စောင့်ရှောက်သွားနိုင်မယ်လို့ ဆိုပါတယ်။

ဒီစက်ရုပ်ရဲ့ ထူးခြားချက်က ငါးမန်းပုံစံ ဒီဇိုင်းထုတ်ပြီး ရေအောက်ကြမ်းပြင်မှာ အသံတိတ် ငြိမ်သက်နေနိုင်တယ်။ သံသယဖြစ်စရာ သင်္ဘောတွေ၊ ရေငုပ်သင်္ဘောတွေ အနားကပ်လာချိန်မှာတော့ ငါးမန်းစက်ရုပ်က နိုးထလာပြီး အုပ်စုလိုက်စောင့်ကြည့်သတင်းပို့ပေးမှာဖြစ်ပါတယ်။ သတ္တုကိုယ်ထည်မဟုတ်တာကြောင့် ရေဒါတွေ ဖမ်းယူနိုင်ဖို့ ခက်ခဲသလို လူကထိန်းချုပ်စရာမလိုဘဲ ရေမိုင် ၁၀၀၀ ထိ ခရီးနှင်နိုင်ပါတယ်။

**(ATK)**

0-0-0-0-0

# မြင့်မြတ်ပညာရေးဖောင်ဒေးရှင်းနှင့် စာကြည့်တိုက်



အထက်ပါစာကြည့်တိုက်ရှိနေသည်ကို စာရေးသူ ပြင်ဦးလွင်ရောက်ခါစကပင် သိခဲ့ပါသည်။ သို့သော်လည်း အမှတ်တမဲ့နေခဲ့မိသည်။ ပြင်ဦးလွင်ရောက်ရှိနေထိုင်သည်မှာ (၇)နှစ်ရှိခဲ့ပါပြီ။ ရောက်စက ကွယ်လွန်သွားပြီဖြစ်သော စာရေးဆရာမောင်ကြည်သော်(ကောလင်း)နှင့်အတူ ရောက်ခဲ့သောနေရာတစ်ခုဖြစ်သည်။ အစပိုင်းက ထိုနေရာကို စာကြည့်တိုက်အနေနှင့်သာ သိရှိထားခဲ့ပါသည်။ ဦးစီးဦးဆောင်လုပ်ကိုင်နေသူမှာ (အငြိမ်းစား)မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်ဖြစ်သည်ကို သိရှိရသလို ပြုလုပ်နေဆဲ စာကြည့်တိုက်တွင် ဆုံခဲ့ရပါသည်။ ဝန်ကြီးချုပ်သည် စာရေးသူတို့ အလုပ်သင်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၃) စတက်သည့်နှစ်က စစ်တက္ကသိုလ် အမှတ်စဉ် (၁၅) ဖိုင်နယ်နှစ် ဖြစ်သည်။ ဗိုလ်လောင်းတပ်ရင်း Appointment ရာထူးပေးအပ်ထားခြင်းခံရသူဖြစ်၍လည်း ပို၍ မျက်မှန်းတန်းမိခဲ့ပါသည်။ မိမိတို့က (၆)လမျှကာလသာ စာပေပညာနှင့် စစ်ရေးပြဘာသာရပ်များကို သင်ကြားခဲ့ရသူများဖြစ်၍ ရင်းရင်းနှီးနှီးတော့ မရှိခဲ့ပါ။ ထိုကာလသည် ၁၉၇၃ ခုနှစ် မတ်လမှ စက်တင်ဘာလအထိဖြစ်သည်။

နောက်ပိုင်း မိမိတို့ ဗိုလ်သင်တန်းကျောင်း မှော်ဘီသို့ ပြောင်းရွှေ့သွားခဲ့ပြီး တစ်နှစ်ခွဲတာကာလ စစ်ရေးပြဘာသာ စစ်ဗျူဟာဘာသာရပ်များကို သင်ကြားနေချိန်တွင် ဝန်ကြီးချုပ်တို့က ကျောင်းဆင်းသွားခဲ့ကြပြီဖြစ်သည်။ စာရေးသူတို့လည်း ၁၉၇၆ ခုနှစ်တွင် အရာရှိအဖြစ်ခန့်အပ်ခြင်းခံရပြီး တပ်မတော်တပ်ရင်းတစ်ခုတွင် တာဝန်ထမ်းဆောင်ခဲ့ရပြီးဖြစ်သည်။ တပ်မတော်အတွင်း တာဝန်ထမ်းဆောင်နေကြသူများသည် မည်သူက မည်သည့်နေရာ မည်သည့်ဌာနတွင် မည်သည့်ရာထူးဖြင့် တာဝန်ထမ်းဆောင်နေကြသည်ကိုတော့ ကြားသိနေခဲ့ရပါသည်။

အတိုချုံး ပြောရမည်ဆိုလျှင် စာရေးသူ တပ်မတော်မှ ထွက်ပြီးနောက် မန္တလေး၌ အခြေချနေထိုင်စဉ် မန္တလေးမြို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် တိုင်းမှူးဖြစ်နေခဲ့ပြီး တစ်ဖန် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ရာထူးတာဝန်ကိုလည်း ထမ်းဆောင်ခဲ့သည်ကို သိရှိနေခဲ့ပါသည်။ မှတ်မှတ်သားသား ပြောကြကြေးဆိုလျှင် မန္တလေးအလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတာဝန်ထမ်းဆောင်ခဲ့ကြသူများတွင် ဗိုလ်ချုပ် ရဲမြင့် နှစ်ယောက်ရှိခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖြစ်ခဲ့သူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးမှာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်ဖြစ်ပါသည်။ အငြိမ်းစားယူပြီးနောက် ပြင်ဦးလွင်တွင် နေထိုင်လျက်ရှိပြီး မြင့်မြတ်စာကြည့်တိုက်ကို အားကိုးထိုက်သူများနှင့် ပူးပေါင်းတာဝန်ပေးပြီး မြေနေရာ အဆောက်အအုံရောပါ လှူဒါန်းတာဝန်ယူဆောင်ရွက်နေသည်ကို တွေ့မြင်ခဲ့ရပါသည်။ မိမိအနေဖြင့် မန္တလေးတွင် အငြိမ်းစားယူပြီး နေထိုင်ခဲ့ရာမှ ၂၀၁၈ ခုနှစ်ခန့်က အေးချမ်းမှုရှိသော ပြင်ဦးလွင်မြို့ ပွဲကောက်ကျေးရွာတွင် မြေကွက်ငယ်တစ်ခု ဝယ်ယူ၍ ဆောက်လုပ်နေထိုင်ခဲ့ပါသည်။ မိမိအနေဖြင့် ၂၀၀၃ ခုနှစ်က စတင်စာပေရေးသားခဲ့ရာမှ မြန်မာနိုင်ငံစာနယ်ဇင်းအသင်းဝင် ဖြစ်ခဲ့ရပါသည်။ သီးခြားဝတ္ထု၊ ကဗျာစာအုပ် မထုတ်ဝေနိုင်သော်လည်း သုတရသစာပေဆောင်းပါးများကို ရေးသားခဲ့ပါသည်။ မိမိ စတင်ရေးသားခဲ့သော ဆောင်းပါးမှာ ၂၀၀၃ခုနှစ်တွင် ကြေးမုံသတင်းစာတွင် ဖော်ပြခြင်းခံရသည်။ "အိပ်မက်တော့မဟုတ်တော့ပါ" ခေါင်းစဉ်ဖြင့်ရေးသားသည့် သံလွင်တံတား မော်လမြိုင်အကြောင်း ဆောင်းပါးပင် ဖြစ်သည်။

စာရေးသူတာဝန်ထမ်းဆောင်ခဲ့သည့် မြိတ်မြို့သို့ တပ်အတွက် ပစ္စည်းများ ရန်ကုန်တွင် ထုတ်ယူပြီး သယ်ယူရပါက မော်လမြိုင်မှတစ်ဆင့် သယ်ယူကြရပါသည်။ တစ်ခါက ပစ္စည်းများကို ရန်ကုန်မှ ထုတ်ယူပြီး မော်လမြိုင်သို့ သယ်ယူခဲ့ကြရာ တံတားမရှိသေးသဖြင့် မုတ္တမရထားဘူတာကို မှောင်ရီပျိုးစအချိန်တွင် ဆိုက်ရောက်ခဲ့ရာ ပေါ့ပေါ့ပါးပါး ပစ္စည်းပါရှိသူများက မော်လမြိုင်ဖက်သို့ကူးမည့် ဇက်သဘော်ဆီသို့ အပြေးဆင်းသွားခဲ့ကြပြီဖြစ်သော်လည်း မိမိနှင့်ဆရာတစ်ယောက်မှာ ဘူတာတွင် ပါရှိသည့်ပစ္စည်းများကို ရထားပေါ်မှချပြီး ဇက်သဘော်ဆီ မသွားနိုင်တော့ဘဲ ဆရာတပည့်နှစ်ယောက် ကင်းစောင့်ရင်း တစ်ညတာ အချိန်ကုန်ခဲ့ရပါသည်။ မနက်မိုးလင်းမှ တွန်းလှည်းပေါ်တွင် ပစ္စည်းများ စုတင်ပြီး မော်လမြိုင်ဘက်သွားမည့် ဇက်သဘော်ဖြင့် ကူးခဲ့ရသည်၊ အခက်အခဲများ ကြုံခဲ့ရပါသည်။ အဆိုပါအတွေ့အကြုံပေါ်တွင် အခြေခံပြီး သံလွင်တံတားကြီး(မော်လမြိုင်) ဖြစ်ပေါ်တည်ဆောက်မှုကို ဂုဏ်ပြုရေးသားခဲ့ပါသည်။

ယနေ့ ပြင်ဦးလွင်မြို့တွင် နေထိုင်စဉ်အခါမှာလည်း ချယ်ရီရိပ်ဖောင်ဒေးရှင်းတွင် အမှုဆောင်အဖြစ်ဆောင်ရွက်နေစဉ် ဒေါက်တာသန်းဝင်း(သချာ)က မြင့်မြတ်စာကြည့်တိုက်သို့ စာအုပ်လှူဒါန်းမည်ဟု ဆိုသဖြင့် မိမိလည်း စိတ်ပါဝင်စားစွာ သုတရသစာအုပ် (၁၉)အုပ် ပါဝင်လှူဒါန်းခဲ့ပါသည်။မိမိကဲ့သို့ သူငယ်ချင်းဖြစ်သူ အငြိမ်းစား ဗိုလ်မှူးမောင်တိုးလည်း ပါဝင်လှူဒါန်းခဲ့ပါသည်။ ထို့နောက် ဝန်ကြီးချုပ်အိမ်သို့ သွားရောက်၍ လှူဒါန်းမှုအကြောင်းအရာများကိုလည်း တင်ပြခဲ့ပါသည်။ မြင့်မြတ်ပညာရေးဖောင်ဒေးရှင်းနှင့်ပတ်သက်၍ ရည်ရွယ်ချက်၊ တည်ထောင်ဖြစ်ခဲ့ပုံများကို အသေးစိတ်ရှင်းပြခဲ့သဖြင့် ပိုမိုလှူဒါန်းလိုစိတ်များ ပေါက်ဖွားလာခဲ့ပြီး မိမိနှင့်ပတ်သက်သူ စာရေးဆရာငယ်များကို ဆက်သွယ်ခဲ့ရာ သူတို့ကလည်း သဒ္ဓါစိတ်ပေါက်ပြီး လှူဒါန်းမည့်အကြောင်းများကို ပြန်ကြားခဲ့ပါသည်။ ပထမဆုံး ဆက်သွယ်လာသူမှာ စာရေးဆရာ အော်ကျူးအမည်ရင်း ကျော်ဇောဦး အလုပ်သင်(၁၂)ဖြစ်ပါသည်။ မိမိတို့လှူဒါန်းမှုကို Facebook တွင် တင်လိုက်ပြီးနောက် မြင့်မြတ်ပညာရေးဖောင်ဒေးရှင်းနှင့် စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်းပေးပို့လာခဲ့ပါသည်။

စာရေးဆရာအော်ကျူးသည် ဝန်ကြီးချုပ် ဦးရဲမြင့် ဗျူဟာမှူးဘဝတွင် ဂိုတူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်းကိုလည်း ပြောခဲ့ပါသည်။ ထို့နောက် မိမိသိရှိနေသည့် စာရေးဆရာ ခမ္မဒီပက၊ မျိုးမြင့်ထွန်း(မကွေး) အလုပ်သင်(၄)၊ ကလောင်အမည် အမ်းသျှမ်း(သျှိသျှားမြေ)၊ စာရေးဆရာကျော်ခေါင်(ရန်နိုင်ဦး)အလုပ်သင်(၅)အစရှိသော စာရေးဆရာများအား ဆက်သွယ်မှုဖြင့် စာအုပ်များစွာလက်ခံရရှိပါသည်။ မိမိအနေဖြင့် မြင့်မြတ်ပညာရေးဖောင်ဒေးရှင်း လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ပါသည်။ မြင့်မြတ်ပညာရေးဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်၊ လုပ်ဆောင်ချက်၊ ရည်မှန်းချက်များကိုပါ သိရှိသွားခဲ့ပြီး စေတနာထက်သန်စွာ လှူဒါန်းခဲ့ကြခြင်းဖြစ်ပါသည်။ ဘဝကိုယ်တွေ့ရေးသားထားသော စ·အေးဝင်း(၁၆) နှင့်လည်း အဆက်အသွယ်ရပြီး သူ့ဘဝရှန်းကန်ခဲ့ရပုံများကို ရေးသားထားသော စာအုပ်ကို ပေးပို့မည်ဖြစ်ပြီး အစ်ကိုဖြစ်သူ အား/ကာဝန်ကြီး(ငြိမ်း)ဦးစိန်ဝင်း ရေးသားထားသည့် မွေ့စာအုပ်များကိုလည်း ပေးပို့သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

မြင့်မြတ်ဖောင်ဒေးရှင်းစာကြည့်တိုက်ကြီးကို ပြင်ဦးလွင်မြို့နေ အငြိမ်းစား ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်ဇနီး ဒေါ်မြငွေတို့မိသားစုမှ မြင့်မြတ်သော စိတ်စေတနာ စာနာမှုကရုဏာတရားများဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယခုဆိုလျှင် ၂၀၁၅ ခုနှစ်မှ ၂၀၂၅ ခုနှစ်သို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ ပညာရေးကို လိုလားကြသူများကလည်း ဝိုင်းဝန်းကူညီအားပေးခဲ့ကြသလို ပညာရေးကဏ္ဍတွင် ဝါရင့်သမ္ဘာရင့် ပုဂ္ဂိုလ်ကြီးများကလည်း ပါဝင်ကူညီဆောင်ရွက်နေခြင်းဖြင့် ခိုင်မာစွာရပ်တည်လျက်ရှိကြောင်း မြင်တွေ့သိရှိရပါသည်။ ပြင်ဦးလွင်မြို့ရှိ ချို့တဲ့နွမ်းပါးသော ကျောင်းသား၊ ကျောင်းသူများကို အခြေခံပညာကျောင်း အသီးသီးနှင့်ဆက်သွယ်ပြီး လိုအပ်သော ဗလာစာအုပ်များကို လှူဒါန်းခဲ့ရာ ၂၀၂၅ ခုနှစ်အထိ ဒါဇင်ပေါင်း ၁၀၈၇၀ ကို လှူဒါန်းခဲ့ပြီးဖြစ်ကြောင်းနှင့် အမှန်တကယ် လိုအပ်နေသော တက္ကသိုလ်အဆင့် ကျောင်းသား၊ ကျောင်းသူများအား စနစ်တကျရွေးချယ်ပြီး ပညာသင်ဆု ထောက်ပံ့ကြေးများ ပေးအပ်ခဲ့ရာ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ ၉၈ ဦးကို ပေးအပ်နိုင်ခဲ့ပြီးဖြစ်သည်။ မြင့်မြတ်ပညာရေးဖောင်ဒေးရှင်း၏ အသီးအပွင့်များအဖြစ် ၂၀၂၅ ခုနှစ်တွင် ဘွဲ့ရပြီးသူ ၂၇ ဦး ပေါ်ထွက်လာခဲ့ပြီဖြစ်ကြောင်းကိုလည်း သိရှိရပါသည်။

အဆိုပါပညာရေးဖောင်ဒေးရှင်းနှင့်အတူ အများပြည်သူများ လေ့လာဖတ်ရှုနိုင်ပြီး အသိပညာများ တိုးပွားစေမည့် သုတရသဝတ္ထု၊ ဆောင်းပါးစာအုပ်များကို ဖတ်ရှုနိုင်မည့်စာကြည့်တိုက်ကိုလည်း ၂၀၂၀ ပြည့်နှစ်မှစ၍ ရပ်ကွက်ကြီး(၈)၊ ပိတောက်လမ်း၊ ရတနာလမ်းနှင့် သီဂီလမ်းကြား၊ အမှတ်(ထ-၅၇)တွင် ခံ့ညားထည်ဝါစွာ ဖွင့်လှစ်ထားရှိပြီးဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် တင်ပြရေးသားရမည်ဆိုပါက ပြည်သူများအသိပညာတိုးပွားစေရန်၊ ဆင်းရဲနွမ်းပါးစွာ ပညာသင်ကြားရသူများကိုပါ စာနာစိတ်ထားရှိပြီး အောင်မြင်မှုများရရှိစေရန် မြင့်မြတ်သောစိတ်ထားဖြင့် တည်ထောင်ထားရှိသော မြင့်မြတ်ပညာရေး ဖောင်ဒေးရှင်းအတွက် လှူဒါန်းကြသော စာအုပ်ကုသိုလ်ရှင်များကို ကျေးဇူးတင်ရှိပါကြောင်းနှင့် အစဉ်အမြဲ ဖိတ်ခေါ်လျက်ရှိပါကြောင်း စေတနာအရင်းခံဖြင့် ရေးသားဖော်ပြလိုက်ရပါသည်။

**စောအောင်(တီကျစ်)**

**အမှန်တကယ် လိုအပ်နေသော တက္ကသိုလ်အဆင့် ကျောင်းသား၊ ကျောင်းသူများအား စနစ်တကျရွေးချယ်ပြီး ပညာသင်ဆု ထောက်ပံ့ကြေးများ ပေးအပ်ခဲ့ရာ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ ၉၈ ဦး ကို ပေးအပ်နိုင်ခဲ့ပြီး ဖြစ်သည်။ မြင့်မြတ်ပညာရေးဖောင်ဒေးရှင်း၏ အသီးအပွင့်များအဖြစ် ၂၀၂၅ ခုနှစ်တွင် ဘွဲ့ရပြီးသူ ၂၇ ဦး ပေါ်ထွက်လာခဲ့ပြီဖြစ်ကြောင်းကိုလည်း သိရှိရပါသည်။**






* စာမျက်နှာ ၂၄ မှ
ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေးအောင်၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင်နှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ မြန်မာအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Rajamangla Auditorium Rajamangla University of Technology Thanyaburi ၌ ကျင်းပလျက်ရှိသည့် ဂျူဒိုအားကစားနည်း အမျိုးသား၊ အမျိုးသမီး -၈၁၊ -၉၀၊ -၁၀၀၊ -၇၈ နှင့် +၇၈ ကီလိုတန်းပြိုင်ပွဲများတွင် မြန်မာ အားကစားသမားများ ယှဉ်ပြိုင်ကစားနေမှုကို လည်းကောင်း၊ Shooting Range, Sports Authority of Thailand, Bangkok ၌ ကျင်းပလျက်ရှိသည့် သေနတ်ပစ်အားကစားနည်း အမျိုးသမီး ၁၀ မီတာရိုင်ဖယ်တစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲများတွင် မြန်မာ အားကစားသမားများ ယှဉ်ပြိုင်ကစားနေမှုများကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။

မြန်မာအသင်း အနေဖြင့် ရေကူးအားကစားနည်း အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲများ၊ ကရာတေးအားကစားနည်း အမျိုးသား၊ အမျိုးသမီး ၆၁၊ ၇၅၊ ၆၈ ကီလိုအောက်ပြိုင်ပွဲများ၊ သေနတ်ပစ်အားကစားနည်း အမျိုးသမီး ၁၀ မီတာရိုင်ဖယ်တစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲများ၊ စားပွဲတင်တင်းနစ်အားကစားနည်း အမျိုးသား အသင်းလိုက်ပြိုင်ပွဲများ၊ တိုက်ကွမ်ဒိုအားကစားနည်း အမျိုးသား၊ အမျိုးသမီး အတိုက် -၅၇၊ -၆၂၊ -၆၃၊ -၇၄ ကီလိုတန်းပြိုင်ပွဲများ၊ ပန်ကြပ်ဆီလပ် အားကစားနည်း အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း (Tunggal) အပြပြိုင်ပွဲနှင့် အမျိုးသား သုံးယောက်တွဲ အသင်းလိုက် (Regu) အပြပြိုင်ပွဲများ၊ ဝူရှူးအားကစားနည်း အမျိုးသား၊ အမျိုးသမီး ချန်းချွမ်၊ ထိုက်ချီချွမ်၊ အတွဲတိုက် (လက်နက်)၊ နန်းချွမ်၊ သောင်းစု၊ အတွဲတိုက် (လက်နက်မဲ့)၊ ဆန်းဆို ၆၅ နှင့် ၇၀ ကီလိုအတိုက်ပြိုင်ပွဲများ၊ ဘီလီယက်နှင့် စနူကာ အားကစားနည်း အမျိုးသား စနူကာအသင်းလိုက် ပြိုင်ပွဲနှင့် ဘီလီယက်အသင်း လိုက်ပြိုင်ပွဲများ၊ ဘော်လီဘောအားကစားနည်း အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများ၊ ကဘာဒီအားကစားနည်း အမျိုးသား Standard Style Kabaddi ပြိုင်ပွဲများ၊ ဂျူဒိုအားကစားနည်း အမျိုးသား၊ အမျိုးသမီး -၈၁၊ -၉၀၊ -၁၀၀၊ -၇၈ နှင့် +၇၈ ကီလိုတန်းပြိုင်ပွဲများ၊ ဖူဆယ်အားကစားနည်း အမျိုးသမီးပြိုင်ပွဲ၊ ဘတ်စကက်ဘော အမျိုးသား ၅ ယောက်တွဲပြိုင်ပွဲ၊ မွေ့အားကစားနည်း အမျိုးသား၊ အမျိုးသမီး ၄၈၊ ၅၄၊ ၆၀ နှင့် ၇၅ ကီလိုတန်းပြိုင်ပွဲများ၊ လက်ဝှေ့အားကစားနည်း အမျိုးသား ၆၉ ကီလိုတန်းပြိုင်ပွဲ၊ ကစ်ဘောက်ဆင်အားကစားနည်း အမျိုးသား၊ အမျိုးသမီး -၆၃၊ -၅၀ ကီလိုတန်း Point Fighting ပြိုင်ပွဲ နှင့် -၅၁၊ -၄၈ ကီလိုတန်း Low Kick ပြိုင်ပွဲများ၊ ပိုက်ကျော်ခြင်း အားကစားနည်း အမျိုးသား၊ အမျိုးသမီး သုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲများ၊ ပြေးခုန်ပစ်အားကစားနည်း အမျိုးသား သံလုံးပစ်ပြိုင်ပွဲနှင့် မီတာ ၈၀၀ ပြိုင်ပွဲများ၊ E-sports အားကစားနည်းအမျိုးသားအသင်းလိုက် (MLBB) ပြိုင်ပွဲနှင့် FC Online Team ပြိုင်ပွဲများ၊ ဂေါက်သီးရိုက်အားကစားနည်း အမျိုးသား တစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲများ၊ အလေးမအားကစားနည်း အမျိုးသမီး ၄၈ နှင့် ၅၃ ကီလိုတန်းပြိုင်ပွဲများ၊ ရွက်လှေအားကစားနည်း အမျိုးသား၊ အမျိုးသမီး Girl's Optimist၊ Men's IlCA7၊ Boy's ILCA4၊ Boy's Optimist ပြိုင်ပွဲများ၊ တက်ဂ်ဘောအားကစားနည်း အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသားနှင့် အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲများ၊ မြင်းစီးအားကစားနည်း အမျိုးသား (Dressage Test၊ Jumping Test၊ Country Test) တစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

မြန်မာအားကစားအဖွဲ့အနေဖြင့် ဒီဇင်ဘာ ၁၃ ရက် ပြိုင်ပွဲပွဲစဉ်များဖြစ်သည့် တက်ဂ်ဘောအားကစားနည်း အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းမှ နိုင်နိုင်ဝင်းနှင့် ဆုမွန်အောင်တို့အတွဲက ငွေတံဆိပ်ဆုကိုလည်းကောင်း၊ အမျိုးသား+အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ကိုကိုလွင်နှင့် နိုင်နိုင်ဝင်းတို့အတွဲက ငွေတံဆိပ်ဆုကို လည်းကောင်း ထပ်မံဆွတ်ခူးရရှိခဲ့သည်။

ဂျူဒိုအားကစားနည်း -၇၈ ကီလိုတန်းပြိုင်ပွဲတွင် မြန်မာအသင်းမှ ငွေတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့သည့် အေးအေးအောင်၊ ယမန်နေ့က ယှဉ်ပြိုင်ခဲ့သော -၅၅ ကီလိုတန်းပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိသည့် ထိုက်ထိုက်ကျော်၊ ခတ (Tori) ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိခဲ့သည့် လရောင်လျှံ၊ လှိုင်မင်းခန့်တို့ကို ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ မြန်မာအားကစားအဖွဲ့ ခေါင်းဆောင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် လုပ်ငန်းရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

တိုက်ကွမ်ဒိုအားကစားနည်း -၆၂ ကီလိုတန်း ပြိုင်ပွဲတွင် နန်းသုန္ဒရီကောင်းနှင့် -၅၇ ကီလိုတန်း ပြိုင်ပွဲတွင် မိုးမြင့်မြတ်တို့က ကြေးတံဆိပ်ဆုများ၊ ဘီလီယက်နှင့် စနူကာ အားကစားနည်း စနူကာ အသင်းလိုက်ပြိုင်ပွဲတွင် မြန်မာအသင်းမှ ဘုန်းမြင့်ကျော်၊ ဝင်းကိုကိုနှင့် ကျော်ဝေယံစိုးတို့အတွဲက ကြေးတံဆိပ်ဆု၊ ကရာတေးအားကစားနည်း အမျိုးသမီး တစ်ဦးချင်း ကုမိတဲ့ ၆၁ ကီလိုအောက်ပြိုင်ပွဲတွင် မြန်မာအသင်းမှ တင်ဇာယွန်းက အရှေ့တီမော အားကစားသမားအား လေးမှတ်ပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ကြေးတံဆိပ်ဆုနှင့် အလေးမအားကစားနည်း အမျိုးသမီး ၅၃ ကီလိုတန်း ပြိုင်ပွဲတွင် မြန်မာအသင်းမှ နော်တဘိုးရာက ကြေးတံဆိပ်ဆု ထပ်မံဆွတ်ခူးရရှိခဲ့သည်။

ယမန်နေ့ ပြိုင်ပွဲတွင် တက်ဂ်ဘောအားကစားနည်းမှ အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ၌ မြန်မာအသင်းမှ စောဖရိုက်ဒေးနှင့် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ဆုမွန်အောင်တို့က ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ တိုက်ကွမ်ဒိုအားကစားနည်းမှ အမျိုးသား -၆၈ ကီလိုတန်း ပြိုင်ပွဲတွင် ဟိန်းထက်သူနှင့် -၈၀ ကီလိုတန်း ပြိုင်ပွဲတွင် ဇော်လင်းထက်တို့က ကြေးတံဆိပ်ဆုများကို လည်းကောင်း ထပ်မံဆွတ်ခူးရရှိခဲ့သည်။

(၃၃) ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲ၏ ဒီဇင်ဘာ ၁၃ ရက် ပြိုင်ပွဲများအပြီးတွင် မြန်မာအသင်းအနေဖြင့် ရွှေတံဆိပ် ၂ ခု၊ ငွေတံဆိပ် ၁၂ ခု၊ ကြေးတံဆိပ် ၁၆ ခု၊ စုစုပေါင်း ဆုတံဆိပ် ၃၀ ဖြင့် နိုင်ငံအလိုက် အဆင့် ၇ တွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ
## နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု အခြေအနေ

၁၃-၁၂-၂၀၂၅

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ထိုင်း | ၉၅ | ၆၀ | ၃၉ | ၁၉၄ |
| ၂ | အင်ဒိုနီးရှား | ၃၁ | ၄၃ | ၃၆ | ၁၁၀ |
| ၃ | ဗီယက်နမ် | ၃၀ | ၂၉ | ၅၄ | ၁၁၃ |
| ၄ | စင်ကာပူ | ၁၉ | ၁၉ | ၂၅ | ၆၃ |
| ၅ | မလေးရှား | ၁၆ | ၁၅ | ၄၈ | ၇၉ |
| ၆ | ဖိလစ်ပိုင် | ၁၅ | ၂၃ | ၅၂ | ၉၀ |
| ၇ | မြန်မာ | ၂ | ၁၂ | ၁၆ | ၃၀ |
| ၈ | လာအို | ၂ | ၃ | ၁၃ | ၁၈ |
| ၉ | ဘရူနိုင်း | ၀ | ၁ | ၄ | ၅ |
| ၁၀ | တီမော | ၀ | ၀ | ၂ | ၂ |

# (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ငွေတံဆိပ်(၄)ဆု၊ ကြေးတံဆိပ် (၄) ဆုရရှိခဲ့သည့် ကနူး/ကယက်၊ တိုက်ကွမ်ဒိုနှင့် ဂျူဒိုအားကစားအဖွဲ့များ ပြန်လည်ရောက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၁၃

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကနူး/ကယက်အားကစားနည်းမှ ကနူးအမျိုးသားတစ်ယောက်လှော် မီတာ (၅၀၀) ပြိုင်ပွဲ၊ အမျိုးသား နှစ်ယောက်လှော် မီတာ (၂၀၀) ပြိုင်ပွဲ၊ အမျိုးသားလေးယောက်လှော် မီတာ (၂၀၀) ပြိုင်ပွဲများတွင် ငွေတံဆိပ် သုံးဆုရရှိခဲ့သည့် မျိုးလှိုင်ဝင်း၊ တိုက်ကွမ်ဒိုအားကစားနည်းမှ -67kg အတိုက်ပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ်ဆုရရှိသော မကေသွယ်မွန်လင်း၊ 80kg အတိုက်ပြိုင်ပွဲတွင် တတိယကြေးတံဆိပ်ဆုရရှိသော မောင်ဇော်လင်းထက်၊ -68kg အတိုက်ပြိုင်ပွဲတွင် တတိယကြေးတံဆိပ်ဆုရရှိသော မောင်ဟိန်းထက်သူ၊ ဂျူဒိုအားကစားနည်းမှ အမျိုးသား ၅၅ Kg ပြိုင်ပွဲတွင် တတိယကြေးတံဆိပ်ဆုရရှိသော ထိုက်ထိုက်ကျော်၊ အမျိုးသားနှစ်ယောက်တွဲ "ခတ" ပြိုင်ပွဲတွင် တတိယကြေးတံဆိပ်ဆုရရှိသော လှိုင်မင်းခန့်နှင့် အားကစားအဖွဲ့ဝင်များသည် ယနေ့ညနေပိုင်းတွင် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်း (MAI) ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၏ မိဘဆွေမျိုးများက ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊အကွက်အမှတ်(တတ-၄၂)၊ ဦးပိုင်နံပါတ်(၂၆-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဦးပေါ်လာ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးစိုးထက်နိုင်(ဘ)ဦးမြင့်အောင်(၅/ရဘန(နိုင်)၁၇၀၉၇၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊အကွက်အမှတ်(ညည-၆)၊ ဦးပိုင်နံပါတ်(၃၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်မြင့်မြင့်ခိုင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးစိုင်းထွန်းလှ(ဘ)ဦးရန်စိုက်ကြည်(၁၃/ကခန(နိုင်)၀၅၆၁၉၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၁)တွင် တည်ရှိသော ဦးပိုင်အမှတ်(၂၆)၊ ဧရိယာ ဧက(၀ ဒသမ ၀၅၅၁) အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ နံကပ်နှစ်ထပ် အဆောက်အအုံ၊ (ရေ၊မီး အစုံ)၊ မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်အေးအေးလှ(၉/မရမ(နိုင်)၀၂၁၇၉၅)၊ ဒေါ်သူဇာပြုံး(၉/မရမ(နိုင်)၀၂၁၇၉၇)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြုသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးလှမိုး (ဥပဒေဘွဲ့) (တရားလွှတ်တော်ရှေ့နေ)**

**ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့) (တရားလွှတ်တော်ရှေ့နေ)**

**အမှတ်(ဒ–၁၁ /၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**09-2070007 , 09-792070007 , 09-43250000**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၄)၊ ဦးပိုင်အမှတ်(၈၇-ခ)၊ မြေဧရိယာ(၀ ဒသမ ၀၂၄၆)ဧက အကျယ်အဝန်းရှိ ဒေါ်ဥမ္မာမြင့် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဥမ္မာမြင့်(ဘ)ဦးမြင့်မောင်(၉/မနတ(နိုင်)၀၀၈၁၂၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါဂရန်မြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးဝေလင်းအောင် (LL.B) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ချယ်ရီစန်းအောင် (LL.B) တရားလွှတ်တော်ရှေ့နေ**

**၈၇လမ်း၊ ၁၃လမ်းနှင့် ၁၄လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၄၄၀၂၅၀၉၆၊ ၀၉-၇၈၉၃၁၉၂၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၂၉)၊ ဦးပိုင်နံပါတ်(၇၂)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးမြင့်အောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးစိုးသူ(ဘ)ဦးတင်ရွှေ(၉/အမဇ(နိုင်)၀၀၉၈၇၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစ်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ**

**ဦးကြည်ယံ (LL.M) အထက်တန်းရှေ့နေ**

**ဦးစည်သူအောင် (LL.B) အထက်တန်းရှေ့နေ**

**ဒေါ်သဲမိုမိုထွန်း (LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၅)၊ ဦးပိုင်နံပါတ်(၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဒေါ်ကြည်ကြည် အမည်ပေါက်ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်ဆွေဝင်း(ဘ)ဦးသန်းအောင်(၉/ကပတ(နိုင်)၁၉၃၇၉၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး(LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အိအိမွန်(LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစ်အောင်(LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ**

**ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဃ-၅)၊ ဦးပိုင်အမှတ်(၅၂-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၆+မြေပို)ဧကရှိ ဒေါ်ချိုချို အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိက အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးသောင်းထိုက်အောင်(အဘ)ဦးတင်မောင်ငွေ(၉/အမဇ(နိုင်)၀၁၇၆၆၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်အေးအေးခိုင်**

**တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဆ–၇ /၈၅–က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား(၁၀၉လမ်းမှဝင်ရမည်။)**

**မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၁၀၇၆၀**

## ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၅၀၁/ရေထွက်အရှေ့)၊ ဦးပိုင်အမှတ်/မြေကွက်အမည်(၂၂)၊ ဧရိယာ(၀ ဒသမ ၀၈၃)ဧကရှိ မြေနေရာအား ဒေါ်စိုးစိုးထွန်း(၁၂/ဗဟန(နိုင်)၀၇၀၈၁၄) အမည်ဖြင့် အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခရိုင်ရုံးအမှုတွဲအမှတ်(၁၆၈/၂၀၂၂-၂၀၂၃)၊ ဂရန်စာချုပ်အမှတ်(၆/၂၀၂၃-၂၀၂၄)အရ (၃၀-၅-၂၀၂၃)ရက်မှ (၁၁-၆-၂၀၅၀)ရက်အထိ နှစ်(၃၀) မြေငှားဂရန်အား (မူလသက်တမ်းအတိုင်း)ရရှိခဲ့ပြီး ဒေါ်စိုးစိုးထွန်းထံမှ ဦးသန်းထွဋ်သည် ပုသိမ်ကြီးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင် အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ဝယ်ယူရရှိခဲ့သည် အဆိုပါမြေနေရာအား ဦးသန်းထွဋ်(၁၃/တကန(နိုင်)၁၄၇၃၅၂)အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်းခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီဂရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၅၀၁/ရေထွက်အရှေ့)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၁၉၂)၊ ဧရိယာ(၀ ဒသမ ၀၅၄)ဧကရှိ မြေနေရာအား ဦးကျော်ဝင်း(၁၂/ဒဂန(နိုင်)၀၁၂၃၉၈) အမည်ဖြင့် အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခရိုင်ရုံးအမှုတွဲအမှတ်(၆၆၂/၂၀၂၄-၂၀၂၅)၊ ဂရန်စာချုပ်အမှတ်(၃/၂၀၂၅ -၂၀၂၆)အရ (၈-၄-၂၀၂၅)ရက်မှ (၁၁-၆-၂၀၅၀)ရက်အထိ နှစ်(၃၀)မြေငှားဂရန်အား (မူလသက်တမ်းအတိုင်း)ရရှိခဲ့ပြီး ဦးကျော်ဝင်းထံမှ ဦးလှဟန်သည် ပုသိမ်ကြီးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ဝယ်ယူရရှိခဲ့သည့် အဆိုပါမြေနေရာအား ဦးလှဟန်(၉/အမဇ(နိုင်)၀၂၄၂၂၉) အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီဂရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ငွေတောင်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၅၂၂/ငွေတောင်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၇၆/၃)၊ ဧရိယာ(၄ ဒသမ ၀၀)ဧကရှိ မြေနေရာအား ဒေါ်ကြည်ကြည်ခိုင်(၁၃/မနန(နိုင်)၀၁၂၆၂၄)၊ ဒေါ်သက်သက်လှိုင်(၁/မကတ(နိုင်)၀၀၁၁၅၆)အမည်ဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂၂-၅-၂၀၂၅)ရက်စွဲပါ စာအမှတ်-၉/၁-၁၇/ဦး၆(၁၆၅)အရ ဒေသထွက်သီးနှံ သိုလှောင်ရုံနှင့် ဝန်ထမ်းနားနေဆောင် မြေနေရာအဖြစ်အသုံးပြုရန် လယ်မြေမှ တစ်ပါး လယ်ယာမြေအား အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့်ရရှိခဲ့သည့် အဆိုပါမြေနေရာအား ဒေါ်ကြည်ကြည်ခိုင်(၁၃/မနန(နိုင်)၀၁၂၆၂၄)၊ဒေါ်သက်သက်လှိုင်(၁/မကတ(နိုင်)၀၀၁၁၅၆)တို့ (၂)ဦးအမည်ဖြင့် စက်မှု/စီးပွား မြေငှားဂရန်အသစ် ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီဂရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၆၃)၊ ဦးပိုင်နံပါတ်(၂၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၆၀×၄၀)ပေအကျယ်အဝန်းရှိ ဦးကြည်ဆွေ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း(၄၀×၄၀)ပေအကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်သိန်း(ခ)ဦးလီထိုက်ရှိန်(ဘ)ဦးလီရင်ဟိန်(၁၃/ကမန(နိုင်)၀၄၆၉၉၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅)၊ ဦးပိုင်နံပါတ်(၂၇-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက၊ ပေ(၁၅×၄၀)အကျယ်အဝန်းရှိ ဦးချို အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးမိုးလင်း(ဘ)ဦးညွန့်လှိုင်(၉/အမရ(နိုင်)၁၂၆၄၈၉)နှင့် ဒေါ်ရည်မွန်ကျော်(ဘ)ဦးကျော်ဌေး(၉/ပကခ(နိုင်)၀၀၉၇၇၁)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၇၁/၁)တွင် တည်ရှိသော ဦးပိုင်အမှတ်(၁၀+၁၁)၊ ဧရိယာ(၀ ဒသမ ၀၂၇၅+၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းစီရှိ ဂရန်မြေကွက်များ၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ အာရ်စီ တစ်ထပ် အဆောက်အအုံ(ရေမီးအစုံ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးဝင်းမြင့်(၉/မနတ(နိုင်)၀၁၆၇၀၃)၊ ဒေါ်မြတ်နှင်းဖြူ(၉/မရတ(နိုင်)၁၀၂၁၀၇)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြုသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးလှမိုး (ဥပဒေဘွဲ့)** — **ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဒ-၁၁/၄၁ + ၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊**
**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း 09-2070007, 09-792070007, 09-43250000**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၉)၊ ဦးပိုင်အမှတ်(၃၆)အတွင်းမှ အနောက်ဘက်ခြမ်း(၂၀×၆၀)ပေ အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ နံကပ်နှစ်ထပ် အဆောက်အအုံ(ရေမီးအစုံ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်ကြည်စိန်(၉/မရတ(နိုင်)၀၉၀၆၂၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြုသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးလှမိုး (ဥပဒေဘွဲ့)** — **ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဒ-၁၁/၄၁ + ၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊**
**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း 09-2070007, 09-792070007, 09-43250000**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ငင-၅)၊ ဦးပိုင်နံပါတ်(၄၇-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧကအကျယ်အဝန်းရှိ ဒေါ်အမာတင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်ဌေး(ဘ)ဦးအေးမောင်(၅/တဆန(နိုင်)၀၁၈၄၇၁)(TZE-၁၂၃၀၉၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** — **ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)** — **ဒေါ်အေးနန္ဒာထွန်း (LL.B)** — **ဒေါ်မာလာစိုး (LL.B)** — **ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ** — **အထက်တန်းရှေ့နေ** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၂)၊ ဦးပိုင်နံပါတ်(၃၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးသာချို အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်အစွန်ဆုံးအခြမ်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဇော်မြင့်(ဘ)ဦးရွှေဥ(၉/မခန(နိုင်)၁၆၅၄၈၃)[၎င်း၏ကိုယ်စား အစ်ကိုဖြစ်သူ ဦးဝင်းမြင့်(ဘ)ဦးချစ်အေး(၉/မနတ(နိုင်)၀၂၀၅၆၅)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** — **ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)** — **ဦးကြည်ယံ (LL.M)** — **ဦးစည်သူအောင် (LL.B)** — **ဒေါ်သဲမိုမိုထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ** — **အထက်တန်းရှေ့နေ** — **အထက်တန်းရှေ့နေ** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရှင်တော်ကုန်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်(၅၀၉/ရွေးစု)၊ ဦးပိုင်အမှတ်(၁၀/၈)၊ ဧရိယာ(၁ ဒသမ ၇၈)ဧက အကျယ်အဝန်းရှိ ဦးစောမင်း အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇)ရရှိထားသော ယာမြေကွက်အတွင်းမှ ဧရိယာ(၁ ဒသမ ၅၇)ဧက အကျယ်အဝန်းရှိ ယာမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လုပ်ပိုင်ခွင့်အရပ်ရပ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိတို့ တရားဝင်လုပ်ပိုင်ခွင့်ပြုပိုင်ဆိုင်ပါကြောင်း ဝန်ခံကတိပြုကာ အဆိုပြုရောင်းချသူ (၁)ဦးစောမင်း(ဘ)ဦးအောင်ငြိမ်း(၉/ပသက(နိုင်)၀၁၆၅၇၃)၊ (၂)၊ ဒေါ်မြင့်မြင့်ဝင်း(ဘ)ဦးတင်ဦး(၉/ပသက(နိုင်)၀၃၈၄၀၂)တို့က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကျွန်ုပ်တို့အမှုသည်ထံ အဆိုပြု ပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့အမှုသည်ကလည်း ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်လပြည့် (ဥပဒေဘွဲ့)**
**ဦးအောင်မျိုးထွန်း(ဥပဒေဘွဲ့)၊ ဦးထက်ပိုင်စိုး(ဥပဒေဘွဲ့)၊ ဒေါ်ဝင်းမာ(ဥပဒေဘွဲ့)၊ ဒေါ်ထက်ထက်လှိုင်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးကျော်ရဲအောင်(ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ**
**ရုံးခန်း – လမ်း၃၀နှင့် ၃၁လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း – ၀၉-၂၀၅၅၉၂၆၊ ၀၉-၇၅၂၄၅၅၉၂၆၊ ၀၉-၉၄၀၇၉၀၀၉၉၊ ၀၉-၇၉၇၃၅၀၀၇၁၊ ၀၉-၄၀၂၆၄၇၆၂၄**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၈)၊ ဦးပိုင်အမှတ်(၄၈+၄၉)၊ ဧရိယာ(၀ ဒသမ ၀၅၅၁+၀ ဒသမ ၀၅၅၁= ၀ ဒသမ ၁၁၀၂)ဧက အကျယ်အဝန်းရှိ ဦးဌေးသိန်းတစ်ဦးတည်းအမည်ပေါက်ရှိသော ဂရန်မြေ(၂)ကွက်တွဲနှင့်တကွ ယင်းမြေ(၂)ကွက်တွဲပေါ်ရှိ RC(၂)ထပ်ခွဲ တိုက်(၁)လုံးအပါအဝင် မြေပေါ်-မြေအောက် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ မိမိတစ်ဦးတည်းအမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်များအပြည့်အဝရှိပါကြောင်း အဆိုပြုရောင်းချသူ ဦးဌေးသိန်း(ဘ)ဦးထွန်းဝေ(၉/မနမ(နိုင်)၀၃၇၃၄၅)ထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ ယူဆောင်လာ၍ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ချစ်စိန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၂၆၆)**
**၃၉(E)လမ်း၊ ၅၆လမ်းနှင့် ၅၇လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၄၀၉၉၇၇၈၈၊ ၀၉-၉၇၂၉၀၇၇၈၈၊ ၀၉-၄၃၁၁၅၅၂၈**

❖ နိုင်ငံတိုင်းသည် ၎င်းတို့၏အချုပ်အခြာအာဏာနှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးစီးပွားအပေါ် လုံခြုံရေးအရ ထိပါးလာခဲ့ပါက ကာကွယ်ပိုင်ခွင့် ရှိသည်ကို မိမိအနေဖြင့် လက်ခံထား ...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့ ကရင်မလင်နန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတနှင့် တွေ့ဆုံဆွေးနွေးမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၅ လုံး ထပ်မံဖြိုချဖျက်ဆီး အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်ရာတွင် အသုံးပြုသည့် ကွန်ပျူတာများ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၁၃

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချ လုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။ စာမျက်နှာ ၁၀ သို့ ❖







KK Park နယ်မြေအပိုင်း(၃) တွင် တရားမဝင် ဆောက်လုပ်ထားသည့် နှစ်ထပ် လူနေအဆောက်အအုံ။

## တက်ဂ်ဘော၊ ဂျူဒို၊ တိုက်ကွမ်ဒို၊ ဘိလိယက်၊ စနူကာ၊ ကရာတေးနှင့် အလေးမ အားကစားနည်းများမှ ငွေ၊ ကြေး စုစုပေါင်း ဆုတံဆိပ် ၁၂ ခု ထပ်မံဆွတ်ခူးရရှိ

ဘန်ကောက် ဒီဇင်ဘာ ၁၃

(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံ ဘန်ကောက်နှင့် ချွန်ဘူရီမြို့များတွင် ကျင်းပပြုလုပ်လျက်ရှိရာ မြန်မာအသင်းအနေဖြင့် ရေကူး၊ ကရာတေး၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ ပန်ကြပ်ဆီလပ်၊ ဝူရှူး၊ ဘိလိယက်နှင့် စနူကာ၊ ဘော်လီဘော၊ ကဘာဒီ၊ ဂျူဒို၊ ဖူဆယ်၊ ဘတ်စကက်ဘော၊ မွေ၊ လက်ဝှေ့၊ ကစ်ဘောင်ဆင်၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ E-sports၊ ဂေါက်သီးရိုက်၊ အလေးမ၊ ရွက်လှေ၊ တက်ဂ်ဘော၊ မြင်းစီးပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ စာမျက်နှာ ၁၅ သို့ ✳




## ဖူဆယ်နည်းပြသင်တန်း ဖွင့်လှစ်ပြီးစီး

**ရန်ကုန် ဒီဇင်ဘာ ၁၃**

အာရှဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ AFC Futsal Fitness Level 1 Coaching Certificate Course 2025 ဖူဆယ်ကြံ့ခိုင်ရေးနည်းပြသင်တန်းကို ဒီဇင်ဘာ ၈ ရက်မှ ၁၃ ရက်အထိ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၈ ရက်က MFF Hall တွင် ကျင်းပခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်လိဂ်ကော်မတီ ဥက္ကဋ္ဌ ဦးကြည်မင်းသိန်း၊ အာရှဘောလုံးအဖွဲ့ချုပ်မှ သင်တန်းနည်းပြဆရာ Mr. Sadegh Amani Shalamzari၊ MFF coach education ဌာနဒါရိုက်တာ ဦးညီညီလတ်နှင့် တာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

သင်တန်းကို ဒီဇင်ဘာ ၈ ရက်မှ ၁၃ ရက်အထိ ၆ ရက်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၁၅ ဦး တက်ရောက်ခဲ့ကြသည်။ သင်တန်းဆင်းပွဲကို အစီအစဉ်ရှစ်ခုဖြင့် ကျင်းပခဲ့ပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကာ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်၍ အခမ်းအနားပြီးဆုံးခဲ့ကြောင်း သိရသည်။

**(NGB)**

0-0-0-0-0

0-0-0




## ပရီးမီးယားလိဂ် ပွဲစဉ်(၁၆)တွင် ချဲလ်ဆီးနှင့် လီဗာပူးတို့ နိုင်ပွဲကိုယ်စီရရှိ

**လန်ဒန် ဒီဇင်ဘာ ၁၃**

ပရီးမီးယားလိဂ် ပွဲစဉ်(၁၆)တွင် ချဲလ်ဆီးအသင်းနှင့် လီဗာပူးအသင်းတို့ အသီးသီး နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည်။

ယနေ့ မြန်မာစံတော်ချိန် ည ၉ နာရီခွဲက ချဲလ်ဆီးအသင်းနှင့် အဲဗာတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ချဲလ်ဆီးအသင်းက အဲဗာတန်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဆက်လက်၍ လီဗာပူးအသင်းနှင့် ဘရိုက်တန်အသင်းတို့ ပွဲစဉ်တွင်လည်း လီဗာပူးအသင်းက ဘရိုက်တန်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပရီးမီးယားလိဂ် ပွဲစဉ်(၁၆)ကစားအပြီးတွင် ချဲလ်ဆီးအသင်းက ရမှတ် ၂၈ မှတ်ဖြင့် အဆင့်(၄)နေရာ၊ လီဗာပူးအသင်းက ရမှတ် ၂၆ မှတ်ဖြင့် အဆင့်(၆)နေရာတို့တွင် အသီးသီးရပ်တည်ခဲ့ကြောင်း သိရသည်။ **(NGB)**